mgyoe.com SAMPLE BOOK

# ဗုဒ္ဓနည်းကျ
# မဂ္ဂင်ရှစ်ပါးဖြင့်
# စီးပွားတည်ဆောက်ခြင်း

မင်းဟန်စည်


**BUDDHA: 9 to 5**

The EIGHTFOLD PATH to enlightening your workplace and improving your bottom line *by* Nancy Spears

mgyoe.com

mgyoe.com SAMPLE BOOK

ဤစာအုပ်သည်
သင်နှင့် သင်၏ ဝန်ထမ်းများအား
(ဗုဒ္ဓစကားနှင့် ဆိုရလျှင်) ကရုဏာနှင့် ပညာတို့
ပေါင်းစပ်ထားသော လောကအမြင်ဖြင့်
ကြည့်တတ်လာစေရန် လမ်းညွှန်ပေးပါလိမ့်မည်။
ထို့ပြင် 'အကာလိကော' အချိန်အခါမလပ်
အကျိုးဖြစ်ထွန်းတတ်သည့်
ဆက်သွယ်ပေါင်းကူးမှုနည်းလမ်းများနှင့်
သင်၏ ကိုယ်စွမ်းကိုယ်စတို့ ပေါင်းစပ်ထားသော
စီမံခန့်ခွဲမှုပုံစံကို ဖော်ထုတ်ပေးပါလိမ့်မည်။




WISDOM HOUSE

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

- မဂ္ဂင်ရှစ်ပါးကို စီးပွားရေးကိစ္စများတွင် တန်ဖိုးအခြေခံ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုများအတွက် လက်တွေ့ကျသည့် လမ်းညွှန်တစ်ခုအဖြစ် အသုံးပြုလာခဲ့ကြပါသည်။ ထို့ပြင် ရောင်းဝယ် ဖောက်ကားထုတ်လုပ် ရောင်းချနေကြသည့် ကုန်သွယ်ရေး ကမ္ဘာလောကကြီးအတွင်း မှီတင်းနေထိုင်၍ စီးပွားဆောင်တာ လုပ်ကိုင်နေကြသူများအတွက်လည်း မဂ္ဂင်ရှစ်ပါးသည်လက်စွဲလမ်းညွှန်အဖြစ် ဖွံ့ဖြိုးလာခဲ့ပြန်ပါသည်။

***နီဒါန်း မှ***

- ဗုဒ္ဓ၏ ဒေသနာတော်အချို့ကို အလုပ်ခွင်နှင့် ဒါရိုက်တာစားပွဲပေါ်သို့ယူဆောင်လာပြီး လက်တွေ့ကျင့်သုံးခြင်းသည် သင်၏ စင်ကြယ်သော အခြေခံစိတ်နှင့် ဗီဇပါ ဉာဏ်ပညာတို့ကို ထုတ်ဖော်ရန် ပြင်ဆင်လိုက်ခြင်း မည်ပါသည်။ သို့နှယ် ဆောင်ရွက်ခြင်းဖြင့် တန်ဖိုးအခြေခံ ခေါင်းဆောင်မှု၊ ကရုဏာစိတ်ထား စသည့် တန်ဖိုးသစ်များဖြင့် အဖွဲ့အစည်းစိတ်ဓာတ်ကို မြှင့်တင်ပေးဖို့ သင့်ကိုယ်သင် ပြင်ဆင်လိုက်ခြင်းလည်း ဖြစ်ပါသည်။

***သမ္မာဒိဋ္ဌိ မှ***

mgyoe.com

mgyoe.com · SAMPLE BOOK

- အစစ်အမှန်တရားကို ကျွန်ုပ်တို့ လက်ခံမည်ဆိုလျှင် ကျွန်ုပ်တို့ ခရီးစဉ်တစ်လျှောက်တွင် ဒယီးဒယိုင်နှင့် လဲပြိုမှုများ၊ ချိုးဖောက်မှုများ စသဖြင့် ခရီးဖင့်စေမည့် အပြစ်အနာဆာများ ရှိနေသော်လည်း ခရီးပန်းတိုင်အထိ အကောင်းမြင်စိတ်ဖြင့် ဆက်၍ လျှောက်နိုင်ပါသည်။

သမ္မာကမ္မန္တ မှ

- ဗုဒ္ဓသဘာဝဟူသည် သတိနှင့် နေထိုင်ခြင်းဖြစ်ပါသည်။ သင်၏ အလုပ်ခွင်တစ်ခုလုံးသည် ဤသို့ နိုးကြား တက်ကြွသော စီမံခန့်ခွဲမှု အောက်၌ ရှိနေမည်ဆိုလျှင် ယခင်အခြေအနေနှင့် လုံးဝခြားနားမှုရှိမည်ကို မှန်းဆနိုင်ပါသည်။

သမ္မာသင်္ကပ္ပ မှ

- အတ္တ စွန့်လွှတ်လိုက်သည့်အခါ သင့်စိတ်နှလုံးနှင့် ပညာအမြင်တို့ ပို၍ ကျယ်ပြောလာသည်။ မှန်သောစကားကို အချိန်အခါမလပ် ဆိုတတ်သည့် ယုံကြည်မှု ရလာသည်။ ထိုအခါ ပေါင်းသင်းဆက်ဆံရေး ဖြစ်စဉ်မှာလည်း စိတ်နှလုံးသားများ အတွင်းမှ အလိုအလျောက် ဖြစ်ပေါ်လာသော ပညာနှင့်အတူ ချောမွေ့လာတော့သည်။ ရလဒ်မှာကား တစ်ဦးနှင့် တစ်ဦး ရိုးသားပွင့်လင်းစွာ ဆက်ဆံပေါင်းသင်း၍ လိုရာခရီး အသီးသီးကို ပြီးမြောက်အောင်မြင်ခြင်း ဖြစ်ပါသည်။

သမ္မာဝါစာ မှ

mgyoe.com

mgyoe.com

SAMPLE BOOK

WISDOM HOUSE

စာအုပ် ၁၁

# ဗုဒ္ဓနည်းကျ
# မဂ္ဂင်ရှစ်ပါးဖြင့်
# စီးပွားတည်ဆောက်ခြင်း

မင်းဟာန်စည်

BUDDHA: 9 to 5
The EIGHTFOLD PATH to enlightening your workplace and improving your bottom line *by* Nancy Spears

WISDOM HOUSE

၀၁ ၅၄၅ ၀၃၆၊ ၀၉-၅၀၅-၈၅၃၃၊ ၀၉၄၉-၂၈၈-၉၄၈
*wisdomhouse.mm@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

| | |
|---|---|
| ပထမအကြိမ် | မေလ၊ ၂၀၁၃ ခုနှစ်။ |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသူ | ဒေါ်တင်ထွေးယဉ်<br>ဣန္ဒာသယ စာပေ<br>အမှတ် (၉)၊ နီလာလမ်း<br>၄-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဒေါ်ခင်လှ၊ စာပေလောကပုံနှိပ်တိုက်၊<br>၁၇၇၊ ၃၃ လမ်း၊ ရန်ကုန်။ |
| မျက်နှာဖုံးဒီဇိုင်း | လင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | H. Lwin |
| **တန်ဖိုး** | ၂၀၀၀ ကျပ် ၆၀၀၀ ကျပ် |

၂၉၄. ၃

မင်းဟန်စည်

ဗုဒ္ဓနည်းကျ မင်္ဂလာရှစ်ပါးဖြင့် စီးပွားတည်ဆောက်ခြင်း/

မင်းဟန်စည် - ရန်ကုန်၊

ဣန္ဒာသယ စာပေ၊ ပထမအကြိမ်၊ ၂၀၁၃။

၁၈၀ စာ၊ ၁၃ × ၂၀.၅ စင်တီ။

(၁) ဗုဒ္ဓနည်းကျ မင်္ဂလာရှစ်ပါးဖြင့် စီးပွားတည်ဆောက်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


◆ ဘာသာပြန်သူ၏အမှာ ၁

◆ မိတ်ဆက်စကား ၃

◆ နိဒါန်း

ပညာဖြင့် နိုးထခြင်း ၉

၁။ မဂ္ဂင် တစ် သမ္မာဒိဋ္ဌိ ၂၁

၂။ မဂ္ဂင် နှစ် သမ္မာသင်္ကပ္ပ ၄၃

၃။ မဂ္ဂင် သုံး သမ္မာဝါစာ ၆၁

၄။ မဂ္ဂင် လေး သမ္မာကမ္မန္တ ၈၃

၅။ မဂ္ဂင် ငါး သမ္မာအာဇီဝ ၉၃

၆။ မဂ္ဂင် ခြောက် သမ္မာဝါယမ ၁၁၁

၇။ မဂ္ဂင် ခုနစ် သမ္မာသတိ ၁၂၉

၈။ မဂ္ဂင် ရှစ် သမ္မာသမာဓိ ၁၄၅

◆ နိဂုံး

မှန်ကန်သော ကော်ပိုရေးရှင်း ၁၆၃


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ဘာသာပြန်သူ၏အမှာ

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာခဲ့သည့်တိုင် ကျွန်တော့် အနေနှင့် ငယ်စဉ်က သီလ ဆိုသည့် ကျင့်ဝတ်ကို လေးလေး နက်နက် ယုံကြည်ခဲ့သည် မဟုတ်။ ဤသို့ ဖြစ်လာရသည်က လည်း ကိုယ့်အကြောင်းနှင့်ကိုယ် ရှိခဲ့သည်။ ဆိုကြပါစို့၊ ကျွန်တော်တို့တစ်တွေ တစ်ဦးနှင့်တစ်ဦး အလုပ်စကား ပြောကြ သည် ဖြစ်စေ၊ အရောင်းအဝယ်တစ်ခုခု လုပ်ကြသည် ဖြစ်စေ၊ အခွင့်အရေးတစ်ခု တောင်းဆိုသည် ဖြစ်စေ၊ ကိုယ့်အကြောင်း ပြောရသည့်အခါ ဖြစ်စေ သာသာထိုးထိုး ပြောတတ်ကြသည်။ ပိုပိုကဲကဲ အမွှမ်းတင်တတ်ကြသည်။ သို့အတွက်လည်း 'မုသား မပါ လင်္ကာမချော' ဆိုသည့် စကားပုံနှင့် အကာအကွယ်ယူရင်း မုသာဝါဒကံကို မသိလိုက်မသိဘာသာ ကျူးလွန်တတ်ကြသည် မဟုတ်ပါလား။

နောက်တစ်မျိုး စဉ်းစားကြည့်မိပြန်သည်။ ဟိုကွေ့ရောက် ဟိုတက်နှင့်လျှော်၊ ဒီကွေ့ရောက် ဒီတက်နှင့်လျှော် ဆိုသည့် အတိုင်း လူတစ်ဦးအနေနှင့် လူ့ဘုံခန်းဝါအလယ်မှာ ကျင်လည် ရတတ်သည်။ ဝမ်းတစ်ထွာတစ်မိုက်အတွက် အလုပ်မျိုးစုံလုပ်ရ တတ်သည်။ ဟိုတစ်ခေတ်တစ်ခါကလို ဘိုးဘွားစဉ်ဆက် မားမ ဦးချ အလုပ်မျိုး လုပ်မရတော့။ အချို့ဆိုလျှင် တစ်နေ့တာ အတွင်းမှာပင် အလုပ်နှစ်မျိုး၊ သုံးမျိုး လုပ်ရတတ်သည်။ ပြောရ



mgyoe.com

mgyoe.com
SAMPLE BOOK

လျှင် လူတစ်ဦး၏ သရုပ်သကန်ကို တိတိကျကျ သတ်မှတ် မရတော့သည့် အချိန်အခါ။ လူသား၏ ကိုယ်ရည်ကိုယ်သွေး ဥပမိတို့ ပြိုကွဲပျက်စီးနေပြီဟု ထင်မှတ်ရသည်။ အချို့ဆိုလျှင် မိသားစု စားဝတ်နေရေးအတွက် နေ့စဉ်နှင့်အမျှ အဒိန္နာဒါန်ကို ကျူးလွန် နေကြရသည်။ ဤသို့ ကျူးလွန်ရခြင်းသည်ပင် ခေတ်၏ အမှန်တရား ဖြစ်လာသည်။

လူသားတို့ နေ့စဉ်ဘဝအတွင်း မသိမသာ လျှောဝင်လာ နေသော နောက်ထပ် အမူအကျင့်တစ်ခုမှာ သေရည်သေရက် သောက်စားမှုဖြစ်သည်။ အချို့က စီးပွားရေးအတွက် အကြောင်း ပြသည်။ အချို့က သံခင်းတမန်ခင်းဟု ဖုံးကွယ်ကြသည်။ တစ် ပက်နှစ်ပက် ဆွတ်လိုက်ရင် စကားပြောရတာ ပိုပြီး အဆင် ချောသွားတာပေါ့ ဆိုသူတွေလည်းမရှား။ မည်သို့ပင် အကြောင်း ပြစေကာမူ သုရာမေရယကံကို လွေ့လွေ့ရမ်းရမ်း ဆောင်နေကြ သည်ကိုတော့ မငြင်းသာ။ ဤသို့ဤနှယ် လက်တွေ့မျက်တွေ့ အဖြစ်သနစ်တို့ကြောင့် သီလကျင့်ဝတ်အပေါ် ကွန်တော့်အနေ နှင့် (ကုန်ကုန်ပြောရလျှင်) လူအများစုအနေနှင့် မလေးနက်ခဲ့ ကြတာလည်း ဖြစ်နိုင်သည်။ 'သီလကျင့်ဝတ် ဆိုတာ ကာလ၊ ဒေသနဲ့အတူ လိုက်ပါပြောင်းလဲနေတာပဲလေ'၊ 'ရောမ ရောက် တော့ ရောမလို ကျင့်ပေါ့၊ ကိုယ့်ဘက်က ဘာများ တတ်နိုင် မှာလဲ' ဟုသာ သဘောပိုက်မိကြသည်။

သည်လိုနှင့် အသက်ကလေး ရလာတော့ အထိုက် အလျောက် အတွေ့အကြုံတွေ စုံလင်လာသည့်အခါ ဘဝကို အခြားရှုထောင့်တစ်ဖက်မှ မြင်လာမိသည်။ ယခင်နှင့်ယခု ဘဝ အမိပ္ပာယ် ပြောင်းသွားတာလည်း ဖြစ်နိုင်သည်။ တစ်ချိန်တည်း မှာပင် ဗုဒ္ဓဝါဒကိုလည်း မိရိုးဖလာအဆင့်မှ ကျော်လွန်ပြီး စူးစမ်း လေ့လာကြည့်မိပြန်သည်။ ကျင့်ကြံပွားများရမည့် အမှုကိစ္စတို့ကို လည်း ထုံ့ပိုင်းထုံ့ပိုင်း ဆိုသလို အားထုတ်ကြည့်သည်။ ဤ၌ သီလကျင့်ဝတ်သည် အမိကနေရာမှ ပါဝင်နေကြောင်း အံ့သြ စွာ သိလိုက်ရသည်။ သီလသည် ဘဝ၏ ငြိမ်းအေးရာ သန္တိသုခ

mgyoe.com

mgyoe.com
SAMPLE BOOK

ချမ်းသာအတွက် အခြေခံ အထောက်အပံ့ဖြစ်သည်ကို ကောင်းစွာ နှလုံးသွင်းလိုက်မိသည်။ ယခင်က ဤအချက်ကို သဘောမပေါက်၊ သဘောပေါက်ခဲ့သည်ဟု ဆိုလျှင်တောင် လောကုတ္တရာ ကိစ္စအတွက်သက်သက် ပြောနေတာပဲဟု ဆင်ခြင်မိခဲ့သည် ထင်သည်။ အမှန်အားဖြင့် သီလကျင့်ဝတ်၏ အရေးပါမှုမှာ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း တရားထိုင်နေစဉ် သော်လည်းကောင်း၊ ဘုန်းကြီး ချပေးသော သီလ၊ ပါဠိ၊ သဒ္ဒါတို့ကို ရွတ်ဆိုနေစဉ် သော်လည်းကောင်း အဆိုပါ အချိန်ကာလအတွင်း၌သာ အရေးပါနေသည် မဟုတ်ပါ။ နိစ္စဓူဝ ဘဝတွင် ကျင်လည်နေသော နေ့စဉ်ဘဝအတွင်း၌လည်း အရေးပါနေပါသည်။ တစ်နည်းပြောရလျှင် လောကုတ္တရာ ကိစ္စသက်သက်အတွက် မဟုတ်မူဘဲ လောကီဘဝတွင်လည်း အလွန်တရာ အရေးပါနေပါသည်။

မှန်ပါသည်၊ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သလို ဘဝလွတ်မြောက်ခြင်း (မဂ်တရား၊ ဖိုလ်တရား) တို့ကို ရရှိစေအပ်သော ပညာမဂ္ဂင်၏ အကျိုးငှာ သီလမဂ္ဂင်ဖြင့်သာ အစပျိုးနိုင်ပါသည်။ သီလမှတစ်ပါး အခြား အကြောင်းတရား ဟူ၍ လုံးဝမရှိပါ။ ထိုနည်းလည်းကောင်း သီလကျင့်ဝတ်၏ အကျိုးကျေးဇူးသည် လောကီအမှုကိစ္စတို့တွင်လည်း တူသောအကျိုးကို ထောက်တတ်ကြောင်း ကောင်းစွာ သိမြင်နိုင်ပါသည်။ အနိမ့်ဆုံးဆိုကြပါစို့၊ အရက်သေစာ မှီဝဲမှုအတွက်ဖြစ်စေ၊ အပေါက်အလမ်း တည့်ဖို့ မုသားဖြင့် အလကာ ချောရသည် ဖြစ်စေ ရေပက်မဝင်အောင် အကြောင်းပြချက်တို့ဖြင့် မည်မျှ ဆင်ခြေပေးစေဦး၊ အရက်သေစာ ကင်းစင်သူ၊ မှန်သော စကားကို ဆိုတတ်သူ၊ ကတိမြဲမြဲသူ၊ ထိုသူတို့ကို ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ပို၍ တလေးတစား ဆက်ဆံတတ်သည်ကို အတွေ့အကြုံဖြင့် သိနိုင်ပါသည်။

အမှန်အားဖြင့် သီလကျင့်ဝတ်ကို လွယ်ယောင်သည်၊ ပေါ့တန်သည်၊ သေးငယ်သည်ဟု ထင်မှတ်ရသည့်တိုင် ငါးပါး

mgyoe.com

mgyoe.com SAMPLE BOOK

သီလကိုပင် မပေါက်မကျိုး ဆောက်တည်ဖို့ရာ အလွန်တရာ ခက်ခဲသော အမှုကိစ္စ ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် ခိုင်ကျည်စွာ တည်ဆောက်ထားသော သီလအုတ်မြစ်၌သာ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင်တို့ကို တည်ဆောက်နိုင်ကြောင်း အနည်းငယ်ချဲ့ထွင် တွေးတောကြည့်ရုံဖြင့် သိနိုင်လောက်ပါသည်။ သီလကျင့်ဝတ်ကို သို့နှယ် မဆောက်တည်နိုင်ကြသည့် အတွက်သာ ဝေနေယျ သတ္တဝါတို့ သံသရာ အထပ်ထပ် ကျင်လည်နေကြရသလို ဒုက္ခပင်လယ်ဝေနေရသည်ဟုလည်း သဘောပေါက်မိသည်။

အနောက်တိုင်းသူ ဖြစ်သော မစ္စစပီးယားအနေနှင့်လည်း ဗုဒ္ဓ၏ သီလမဂ္ဂင်ကို ဤသို့ သဘောပေါက် နားလည်ခဲ့သည်ဟု ကျွန်တော် ထင်သည်။ ယနေ့ခေတ်အခါကဲ့သို့ ချမ်းသာကြွယ်ဝဖို့အတွက် သရဲမရဲစီးသလို ငွေရှာနေကြသော စီးပွားရေး လောကအတွင်း ကျင့်ဝတ်သီလ ပျောက်ဆုံးနေသည်ကိုလည်း ရိပ်စားမိဟန်တူသည်။

ကျင့်ဝတ်သီလ ပျက်ပြားနေကြသည့်အတွက်လည်း မြင်မကောင်း ရှုမကောင်း အနိဋ္ဌာရုံတို့နှင့် ရင်ဆိုင်နေကြရသည်။ သို့အတွက် သီလကျင့်ဝတ်ကို စောင့်ထိန်းရင်း ပရနှင့် အတ္တ မျှတသော အကျိုးဖြင့် စီပွားရှာကြဖို့ နိူးဆော်လိုသောဆန္ဒ ရှိလာသည်။ ဤနေရာ၌ စိတ်ဝင်စားစရာကောင်းသည့် အချက်မှာ မစ္စစပီးယားအနေနှင့် အဘယ်ကြောင့် ဗုဒ္ဓရှင်တော် ဟောကြားတော်မူခဲ့သော မဂ္ဂင်ရှစ်ပါးကိုမှ ရွေးချယ်ပြီး ချပြခဲ့ပါသလဲ။ သူတို့ ခရစ်ယာန်ဘာသာအတွင်းမှာရော သီလကျင့်ဝတ်တို့ မရှိပြီလော။

အမှန်အားဖြင့် သီလကျင့်ဝတ်ဟူသည် ဘာသာရေးတိုင်းတွင် ရှိသော အင်္ဂါရပ်တစ်ရပ် ဖြစ်ပါသည်။ လောကပါလတရား၊ ငါးပါးသီလတို့မှာမူ ဗုဒ္ဓဝါဒက ပိုင်ဆိုင်သော ကိုယ်ကျင့်တရား မဟုတ်ပါ၊ အများပိုင်တရား ဖြစ်ပါသည်။ သို့နှင့်တိုင် အခြား ဘာသာတရားများတွင်မူ သီလကို သီလအဆင့်မှာပင်


mgyoe.com

mgyoe.com

SAMPLE BOOK

အဆုံးသတ်ခဲ့ကြသည်။ သီလမှတစ်ဆင့် သမာဓိနှင့် ပညာ အဆင့်များထိတိုင် လိုက်ပါ ဖွံ့ဖြိုးခဲ့ခြင်း မရှိပါ။ (ဤနေရာ၌ ကျွန်တော့်အနေဖြင့် ဗုဒ္ဓဝါဒကို ဘာသာတရား *(religion)* အဖြစ် မယူဆပါ။ ဗုဒ္ဓဝါဒကို ဗုဒ္ဓဝါဒအဖြစ်သာ ယုံကြည်ပါသည်။) သီလအဆင့်မှသည် သမာဓိ၊ ပညာ အဆင့်များအထိတိုင် အဆင့်ဆင့် ချိတ်ဆက် အကျိုးပြုတတ်သော မဂ္ဂင်ရှစ်ပါး ကွင်းဆက်ကို ထိုးထွင်း သိမြင် ဟောတော်မူခဲ့သည်မှာ ဗုဒ္ဓရှင်တော် တစ်ပါးသာ ဖြစ်ပါသည်။ မကျိုးမပေါက်၊ မပျောက်မကြား၊ ခိုင်ကျည်စွာ ဆောက်တည်ထားသော သီလ၏ သတ္တိသည် လောကီ ကောင်းကျိုးချမ်းသာတို့ကို ဖန်တီးပေးရုံမက လောကုတ္တရာ ဝိမုတ္တိသုခတို့ကိုပင် ရနိုင်ကြောင်း လက်တွေ့ထင်ရှားစေခဲ့သည်မှာလည်း ဗုဒ္ဓသာလျှင် ဖြစ်ပါသည်။ ဤအချက်ကြောင့်ပင် မစ္စစပီးယားအနေဖြင့် ဗုဒ္ဓဒေသနာတော်တို့ကို ဦးခိုက်လိုက်ရခြင်း ဖြစ်သည်ဟု ယူဆပါသည်။

ဤနေရာ၌ နောက်ထပ် စဉ်းစားစရာတစ်ချက် ရှိပါသေးသည်။

ဗုဒ္ဓ၏ မဂ္ဂင်ရှစ်ပါး အကြောင်းကို မစ္စစပီးယားထက် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် အရှေ့တိုင်းသားတွေက ပိုသိသည် မဟုတ်လော။ မှန်ပါသည်၊ ကျွန်တော်တို့က ပိုသိပါသည်။ သိသမှု အချို့ဆိုလျှင် မိုးအောက်မြေအနှံ့ဟု ဆိုရလောက်အောင် သိနေပါသည်။ သို့နှင့်တိုင် လောကီကိစ္စ အဝဝတွင် မဂ္ဂင်ရှစ်ပါးကို အသုံးချ တန်ဖိုးတစ်ရပ်အနေနှင့် လက်တွေ့ကျင့်သုံးခဲ့သူ ဘယ်နှဦး ရှိပါသလဲ။ ရှိသည်ဆိုလျှင်လည်း သီအိုရီနှင့် လက်တွေ့တို့ကို စနစ်တကျ ပေါင်းစပ်ပြီး ရေးသားဖော်ပြခဲ့သူ ရှိပါသလား။

ဤအချက်မှာ မစ္စစပီးယား၏ အားသာချက် ဖြစ်သည်။ သူ ကျင်လည် ကျက်စားခဲ့ရသော စီးပွားရေး အမှုကိစ္စကို အမှုမဲ့ အမှတ်မဲ့ မနေဘဲ ဗုဒ္ဓ၏ မဂ္ဂင်ရှစ်ပါးနှင့်အညီ ကျင့်ကြံခဲ့သည်။ မိမိတစ်ဦးတည်း ချမ်းသာရာ ချမ်းသာကြောင်း တစ်ဘို့တည်း

mgyoe.com

mgyoe.com
SAMPLE BOOK

အတွက် မဟုတ်မူဘဲ အများအတွက်ပါ ထည့်သွင်း စဉ်းစားခဲ့သည်။ သို့အတွက် အောင်မြင်ခဲ့သည်။ အောင်မြင်သည်ဆိုရာတွင်လည်း ငွေကြေး အောင်မြင်မှုသက်သက် မဟုတ်မူဘဲ ဂုဏ်သိက္ခာအရပင် အများ၏ လေးစားမှုကို ရခဲ့သည်။ ထိုအခါ သူ ရရှိခံစားမိသော ပီတိသုခနှင့် ချမ်းသာခြင်းတို့ကို အများတကာဆီလည်း တစ်ဆင့်ဖြန့်ဝေပေးလိုသည့် ဆန္ဒ ဖြစ်ပေါ်လာသည်။ ယခုစာအုပ်သည် သူ၏ ဆန္ဒမှ ထွက်ပေါ်လာသော အကျိုးတရား ဖြစ်ပါပေသည်။

ဘာသာပြန်သူ


mgyoe.com

mgyoe.com SAMPLE BOOK

## မိတ်ဆက်စကား

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် ကာလတုန်းက သင်နှင့်ကျွန်ုပ်တို့ကဲ့သို့ လူသာမန်များအတွက် အသိပညာ၏ သော့ချက်ကို ဗုဒ္ဓရှင်တော်ဘုရားက ရှာဖွေ တွေ့ရှိခဲ့လေပြီ။ ပြီးနောက် စစ်မှန်သော ပျော်ရွှင်မှုကို ပိုင်ဆိုင်စေခြင်းအကျိုးငှာ လက်တွေ့အလုပ်ဖြစ်မည့် နည်းလမ်းတစ်ရပ်ကိုလည်း ကျွန်ုပ်တို့အတွက် ဗုဒ္ဓရှင်တော်မြတ်က ပေးသနားခဲ့ပါသည်။ ယနေ့ဆိုလျှင် ကော်ပိုရိတ် အမေရိကား၏ ချမ်းသာကြွယ်ဝမှုနှင့် တန်ဖိုးသစ်တို့ကို ဆောင်ကြဉ်းပေးနိုင်မည့် ဂိတ်တံခါးဝကြီးကိုမူ အဆိုပါ နည်းလမ်းများဖြင့် ဖွင့်နိုင်တော့မည် ဖြစ်ပါသည်။ စင်စစ် ဗုဒ္ဓရှင်တော်ဘုရား၏ လမ်းညွှန်မှုများကား အချိန်အခါမလပ် အကျိုးဖြစ်ထွန်းပါပေသည်။ ယခုစာအုပ်တွင် စာရေးသူ နန်စီ စပီးယားက ဗုဒ္ဓ၏ လမ်းညွှန်ချက်၊ ဥပဒေသများမှ လက်တွေ့သင်ခန်းစာများ ထုတ်နုတ်၍ ရေးသား တင်ပြထားသည်။ အဆိုပါ ဥပဒေသများကပင် ချစ်ခြင်းမေတ္တာနှင့် ကရုဏာတို့တွင် အခြေခံသော မြင့်မားသည့် ခေါင်းဆောင်မှုစွမ်းရည်ကို သဘောပေါက် နားလည်စေခြင်းဖြင့် ကျွန်ုပ်တို့ကို ကျေးဇူးပြုပါပေသည်။

အမှန်စင်စစ်လည်း ဖော်ပြပါ သင်ခန်းစာများအတွင်း တွေ့ရသည့် ကရုဏာနှင့် မိမိကိုယ်ကိုယ် ယုံကြည်စိတ်တို့မှာ လူတစ်ဦးချင်းကိုသာမက လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အကျိုးအမြတ်ကိုပင် ဖန်တီးပေးနိုင်ပါသည်။



mgyoe.com

## ဗုဒ္ဓနည်းကျ မဂ္ဂင်ရှစ်ပါးဖြင့် စီးပွားတည်ဆောက်ခြင်း

mgyoe.com
SAMPLE BOOK

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က ဆိုခဲ့ပါ ဗုဒ္ဓ၏ လမ်းညွှန်တရားများကို နန်စီကိုယ်တိုင် သူ၏ နေ့စဉ်ဘဝ အတွင်း၌သာမက သူ၏ အလုပ်အတွင်း၌မှာပင် လက်တွေ့ အသုံးချခဲ့သည်ကို သိရသည်။ ထိုအချိန်မှစ၍ သူ၏ ပုဂ္ဂလိက ဘဝနှင့် အလုပ်ခွင်အတွင်း၌ အောင်မြင်မှုများ ရရှိခဲ့သည်။ သူ့တွင် ကရုဏာစိတ်ရှိသည်၊ အရိုးခံစိတ် ရှိသည်၊ ပညာဉာဏ် ရှိသည်။ သို့အတွက်လည်း သူ၏ အပြုအမူ အသွင်အပြင်တို့မှာ တစ်မူထူးနေသည်။ ယခု သူ၏ ထိုးထွင်း သိမြင်မှုများကို မျှဝေပေးသည့်အတွက် ကြည်နူးစရာကောင်းသည်။

သို့တိုင် သူ လေ့လာ သိမြင်ခဲ့သည့် အရာများမှာ ပရမ်းပတာ ရထားသည့်ပညာ မဟုတ်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလမှ စတင်ဖြစ်ထွန်းလာခဲ့သည့် အစဉ်အလာကြီးတစ်ခု၌ အခြေခံလျက် ရှိသည်။ ယခုလို အချိန်အခါ သမယမျိုးတွင် နန်စီ၏ စာအုပ်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည် ဖြစ်သည်။ အကြောင်းမှာ ယခု ကျွန်ုပ်တို့ နေထိုင်နေသည့် ကမ္ဘာကြီးကား စီးပွားအမှုကိစ္စများဖြင့် အုတ်အုတ်ကျွက်ကျွက် ညံနေသော ကမ္ဘာကြီး ဖြစ်သည်။ ယင်းကမ္ဘာကြီးတွင် ကရုဏာတရား၊ သမာဓိနှင့် ပညာ စသည်တို့နှင့်ယှဉ်သော ကျင့်ဝတ်၊ ကျင့်ထုံးများ နည်းပါးနေချိန် ဖြစ်သည်။ ကျွန်ုပ်တို့အနေနှင့် ဆိုခဲ့ပါ ဥပဒေသတို့ကို စီးပွားရေးနှင့် တွဲဖက်၍ အသုံးချနိုင်မည်ဆိုလျှင် အမှန်ပင် မင်္ဂလာရှိ၍ ထူးမြတ်သော အကျိုးတရားများ ဖြစ်ထွန်းလာမည်မှာ သေချာပါသည်။ ထိုသောအခါ သင်တို့၊ ကျွန်ုပ်တို့၏ ဘဝများမှာ ပျော်ရွှင်ချမ်းမြေ့ဖွယ်အတိ ဖြစ်ရုံမက အောင်မြင်မှုများလည်း အဆတိုး၍ လာပါလိမ့်မည်။

သို့ဖြစ်၍ ယခုစာအုပ်မှာ မျက်စိတစ်ဆုံး (ရေတို) အောင်မြင်မှုအတွက် မဟုတ်ပါ။ ပြောရလျှင် ဘဝ တစ်သက်တာလုံး အောင်မြင်မှုအတွက် ဖြစ်ပါသည်။ အကြောင်းသော်ကား သင်နှင့် ကျွန်ုပ်တို့ လူသားအားလုံး၏ ရင်ထဲတွင် ဗုဒ္ဓအမြုတေစိတ်များ ကိန်းအောင်းနေသည့်အတွက် ဖြစ်ပါသည်။

***Sakyoung Mipham Rimpoch***



mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

# ပညာဖြင့် နိုးထခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

ဗုဒ္ဓ၏ တရားဒေသနာအချို့ကို သင်တို့ ကုမ္ပဏီ၏ ဒါရိုက်တာများ စားပွဲပေါ်သို့ ယူဆောင်လာသည့်အတွက် သင်တို့အနေဖြင့် အံ့ဩ ကောင်း အံ့ဩစရာ ရှိပါသည်။ သို့သော် ဆိုခဲ့ပါ တရားဒေသနာ တော်သည်သာ သင်တို့အဖွဲ့အစည်း၏ ရေရှည်တည်တံ့နိုင်မြဲ သော အောင်မြင်မှုတို့ကို ဆောင်ကြဉ်းပေးရာတွင် ယာဉ်သဖွယ် အထောက်အကူ ပေးနိုင်ပါသည်။ သို့ဖြစ်၍ သင်၏ အလုပ်စားပွဲ ပေါ်သို့ ဗုဒ္ဓ၏ တရားဒေသနာတော်အချို့ဆောင်ယူလာခြင်းသည် ရေရှည်အကျိုးစီးပွားအတွက် ပထမဆုံး ပြင်ဆင်မှု ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နိဒါန်း

# ပညာဖြင့် နိုးထခြင်း

လူသားတို့၏ ဘ၀တစ်သက်တာအတွက် မျှော်ခေါ်ကျင့်ကြံရမည့် အလုပ်လမ်းညွှန်တစ်ခုကို ဗုဒ္ဓရှင်တော်မြတ် ချမှတ်ခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ မျှ ကျော်ခဲ့ချေပြီ။ သို့တိုင် ယခုအခါ ဖရိုဖရဲပြိုကွဲနေသော အခြေအနေတိုင်းကို တရားရှင်၏ ဒေသနာများဖြင့် ကုစားနိုင်ပါသည်။ အထူးသဖြင့် စီးပွားရေး ဘ၀အတွင်းမှ ပျက်စီးယိုယွင်းနေသော အခြေအနေများကို ဆယ်တင်၍ ကြံ့ခိုင်သော ပြောင်းလဲမှုများဖြင့် အစားထိုးနိုင်ပါသည်။ ယခု သင်၏လုပ်ငန်း သို့မဟုတ် ကုမ္ပဏီ၏ အခြေအနေကို ပြန်လည်ဆန်းစစ်ကြည့်ကြပါစို့။

- ❑ သင်၏ လုပ်ငန်းသည် နိုးကြားတက်ကြွမှု ရှိနေပါသလား၊
- ❑ အလုပ်သမားများအနေဖြင့် စိတ်အားထက်သန်စွာ အလုပ်လုပ်လိုစိတ်များ ဖြစ်ပေါ်လာစေမည့် ပတ်ဝန်းကျင်ကောင်းများကို သင့်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီက ဖန်တီးပေးထားပါသလား၊
- ❑ လုပ်ငန်း သို့မဟုတ် ကုမ္ပဏီ၏ တန်ဖိုးများ၊ ရည်ရွယ်ချက်များကို ဦးဆောင်သူများဘက်မှ မျက်ခြည်မပြတ် နှလုံးသွင်းထားပါသလား၊



mgyoe.com

mgyoe.com
SAMPLE BOOK

- သင်၏လုပ်ငန်း သို့မဟုတ် ကုမ္ပဏီတွင် ပတ်ဝန်းကျင်လောက တစ်ခုလုံးအပေါ် အကျိုးပြုနိုင်ရမည် ဟူသော ရည်မှန်းချက် တစ်ခု ရှိပါသလား။

## အဘယ်ကြောင့် နိုးထရပါသလဲ

ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းများ မကြာခဏ ပြိုလဲပျက်စီး၍ ဆုံးရှုံးရပုံကို ယနေ့ သတင်းစာများတွင် မကြာခဏ တွေ့နေ၊ မြင်နေရသည်။ ဤသို့ ကျဆုံးမှုများ ရှိပင်ရှိငြားသော်လည်း ထက်မြက်၍ အမြော်အမြင် ရှိသော မန်နေဂျာများ သို့မဟုတ် အလုပ်ရှင်များအတွက်မူ အဆိုပါ ဆုံးရှုံးမှုများ မှာ သူတို့အတွက် သင်ခန်းစာများအဖြစ် လေ့လာခဲ့ကြပြီး မိမိတို့လုပ်ငန်း သို့မဟုတ် အဖွဲ့အစည်း၏ ခေါင်းဆောင်မှုကို ပြောင်းလဲယူလာကြသည်။ အဆိုပါ ခေါင်းဆောင်မှုကား အနာဂတ်နှင့် လိုက်လျောညီထွေရှိပြီး တန်ဖိုးများ၌ အခြေခံသော ခေါင်းဆောင်မှုဖြစ်သည်။ အကယ်၍ သင့် လုပ်ငန်း သို့မဟုတ် ကုမ္ပဏီ၏ စီမံခန့်ခွဲမှုမှာလည်း အလုပ်မဖြစ်တော့ဟု ဆိုလျှင် သို့တည်းမဟုတ် ကိုယ်ကျိုးစီးပွားအတွက်သာ ရှေးရှုထားသည်ဟု ဆိုလျှင် သင့်အနေနှင့် မှန်ကန်စွာ သိမြင်ပြီး ချဉ်းကပ်မှု အသစ်များဖြင့် အချိန်မီ ပြုပြင် ပြောင်းလဲနိုင်ပါသည်။ ဒါရိုက်တာအဖွဲ့၏ အတွင်းအပ နှစ်ဌာနမှ ဆက်သွယ်ရေးအရည်အသွေးတို့ကို မြှင့်တင်ပေးရပါလိမ့်မည်။

နှစ်စဉ်ဆိုသလို အမှုဆောင်အရာရှိချုပ်*(CEO)*များ၊ အမှုဆောင် အရာရှိနှင့် မန်နေဂျာ စသဖြင့် စီမံခန့်ခွဲမှုကို တာဝန်ယူထားရသောသူ များအနေဖြင့် ဘဏ္ဍာရေးအရ အလားအလာ ကောင်းသလို မိမိတို့ ဝန်ထမ်းများ၏ စာရိတ္တဗလကိုလည်း အထောက်အပံ့ ပြုစေနိုင်သည့် စီမံခန့်ခွဲမှု သို့မဟုတ် ခေါင်းဆောင်မှု ပုံစံအသစ်တို့ကို ရှာဖွေကြရမြဲဖြစ် သည်။ သို့ရှိသည့်တိုင် အနည်းငယ်သော စီးပွားရေး အတွေးအခေါ် အယူအဆများ၌သာ ဆိုခဲ့ပါ ရည်မှန်းချက်တို့ကို ပြည့်မီသည့် လက်တွေ့ အသုံးတည့်မှုများ ရှိတတ်သည်။ အများစုကား နောက်ဆုံးပေါ် စီမံ ခန့်ခွဲမှု ပုံစံသစ်များဖြင့် ကြိုးစားသည့်တိုင် ရေတို အောင်မြင်မှုသာ ရ တတ်ကြသည်။ သို့တိုင် ယခု သင် ဖတ်ရှု လေ့လာနေသည့် အကြောင်း

mgyoe.com

mgyoe.com
SAMPLE BOOK

အရာမှာမူ သင်၏ နေ့စဉ်ဘဝတစ်လျှောက်လုံး အသုံးပြုနိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ ချဉ်းကပ်မှုအသစ် ဖြစ်ပါသည်။

ဗုဒ္ဓ၏ တရားဒေသနာအချို့ကို သင်တို့ ကုမ္ပဏီ၏ ဒါရိုက်တာများစားပွဲပေါ်သို့ ယူဆောင်လာသည့်အတွက် သင်တို့အနေဖြင့် အံ့သြကောင်း အံ့သြစရာ ရှိပါသည်။ သို့သော် ဆိုခဲ့ပါ တရားဒေသနာတော်သည်သာ သင်တို့အဖွဲ့အစည်း၏ ရေရှည်တည်တံ့ခိုင်မြဲသော အောင်မြင်မှုတို့ကို ဆောင်ကြဉ်းပေးရာတွင် ယာဉ်သဖွယ် အထောက်အကူ ပေးနိုင်ပါသည်။ သို့ဖြစ်၍ သင်၏ အလုပ်စားပွဲပေါ်သို့ ဗုဒ္ဓ၏ တရားဒေသနာတော် အချို့ ဆောင်ယူလာခြင်းသည် ရေရှည် အကျိုးစီးပွားအတွက် ပထမဆုံး ပြင်ဆင်မှု ဖြစ်ပါသည်။

## ဗုဒ္ဓ သို့မဟုတ် စီအီးအို

အခြေခံအားဖြင့် လူတို့၏ စိတ်နှလုံးသားမှာ ဖြူစင်သည်ဟူ၍ ဗုဒ္ဓဘုရားရှင်က သဘောပေါက်တော်မူသည်။ ကျွန်ုပ်တို့၏ မြင့်မြတ်ခြင်း၊ ထူးကဲသာလွန်ခြင်း စွမ်းရည်တို့ကို ကြီးထွားစေသည်မှာလည်း ဆိုခဲ့ပါ ဖြူစင်သော စိတ်နှလုံးပင်ဖြစ်သည်။ အဆိုပါ အမြင်မှ ကြည့်လျှင် ကျွန်ုပ်တို့အားလုံး၏ စိတ်သဏ္ဍာန်အတွင်းတွင် ဗုဒ္ဓ၏ အမြုတေဓာတ်များ ကိန်းဝပ်နေသည်ဟု ဆိုနိုင်သည်။ သို့ဖြစ်လျှင် အမှုဆောင်အရာရှိချုပ်ဖြစ်စေ၊ အငယ်တန်း မန်နေဂျာ တစ်ယောက်ဖြစ်စေ ဗုဒ္ဓဒေသနာ၌ အခြေခံထားသော အကျင့်အကြံများ ရှိမည်ဆိုလျှင် မိမိ၏ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းကို ထိရောက်စွာ ပြောင်းလဲနိုင်မည့် စွမ်းအားများ ရှိပြီးဖြစ်ပါသည်။ ဦးဆောင်သူတစ်ယောက်အနေဖြင့် ပြောင်းလဲမှုတို့ကို ဖြစ်စေမည့် အဓိက အကျိုးသက်ရောက်မှုများကိုသာ အားဖြည့်ပေးဖို့ လိုပါသည်။

ယခုစာအုပ်တွင် သင် ချစ်မြတ်နိုးသည့် အကြောင်းအရာ၏ အကျိုးအကြောင်း အဆိုးအကောင်းကို သရုပ်ခွဲ လေ့လာနိုင်မည့် လက်နက်ကိရိယာများ အပ်နှင်းလိုက်ပါသည်။ သင့်ဘက်က သရုပ်ခွဲ လေ့လာပြီးပြီ

mgyoe.com

mgyoe.com
SAMPLE BOOK

ဆိုသည်နှင့် သင် လုပ်ရမည့် အလုပ်မှာ ရလာသော ရလဒ်တို့ကို လုပ်ငန်းခွင် နယ်ပယ်တွင် ရှင်းရှင်းလင်းလင်း အသုံးချဖို့ ဖြစ်ပါသည်။ ဤတစ်ခုတည်း မဟုတ်သေးပါ။ ဤစာအုပ်သည် သင်နှင့် သင်၏ ဝန်ထမ်းများအား ဗုဒ္ဓစကားနှင့် ဆိုရလျှင် ကရုဏာနှင့် ပညာတို့ ပေါင်းစပ်ထားသော လောကအမြင်ဖြင့် ကြည့်တတ်လာစေရန် လမ်းညွှန်ပေးပါလိမ့်မည်။ ထို့ပြင် 'အကာလိကော' အချိန်အခါမလပ် အကျိုးဖြစ်ထွန်းတတ်သည့် ဆက်သွယ်ပေါင်းကူးမှု နည်းလမ်းများနှင့် သင်၏ ကိုယ်စွမ်းကိုယ်စတို့ ပေါင်းစပ်ထားသော စီမံခန့်ခွဲမှုပုံစံကို ဖော်ထုတ်ပေးပါလိမ့်မည်။ ဤသည်မှာ စိတ်နှင့် နှလုံးသားတို့ကို အဘက်ဘက်မှ သမူဟပြုထားသော ပုံစံပင် ဖြစ်ပါသည်။

မိမိ၏ ပတ်ဝန်းကျင် ကမ္ဘာလောကကြီးအတွက် ကောင်းကျိုး တစ်ခုခု ဖြစ်ထွန်းလိုသည့် ဆန္ဒဖြင့် သင်နှင့် သင့်ဝန်ထမ်းများ အလုပ် လုပ်နေသည်ဟု ဆိုလျှင် အဆိုပါ ဆန္ဒမှာ သင်၏ အသက်မွေးလုပ်ငန်း တစ်ခုခုထက် ကျော်လွန်နေသော အခိုင်အမာ ဆုံးဖြတ်ချက်ဖြစ်ကြောင်း ထိတွေ့နားလည်နိုင်ပါသည်။ မိမိတို့ ပေးနိုင်၊ လုပ်နိုင်ကြသည်ထက် ပို၍ ကြီးကျယ် မြင့်မြတ်သော အရာတစ်ခုခုကို လုပ်ကိုင်ပေးရသည့်အခါ ကျွန်ုပ်တို့ စိတ်ဝိညာဉ်များမှာမူ နိုးထ ရွှင်လန်းလာတတ်ပါသည်။ ဤသည်မှာ ဝန်ဆောင်မှု ပေးရမည် ဟူသော ဆုံးဖြတ်ချက် ဖြစ်ပါသည်။ တစ်ခုသော ဗုဒ္ဓတရားဒေသနာတွင် ဤသို့ ဟောကြားခဲ့သည်ကို တွေ့နိုင်ပါသည်။

"ချစ်သားတို့၊ သင်တို့၌ အဖိုးတန်လှသော ခန္ဓာရှိသည် ဟူသော အဓိပ္ပာယ်မှာ အခြား တစ်ပါးသူတို့ အကျိုးအတွက် ဝန်ဆောင်ပေးခြင်း ဖြစ်သည်"

ဆိုခဲ့သလို ဗုဒ္ဓ၏ လမ်းညွှန်များ ကျင့်သုံးနေသော ကုမ္ပဏီတစ်ခု၏ ခေါင်းဆောင်မှုအောက်တွင် အလုပ် လုပ်နေရသော ဝန်ထမ်းများမှာ စိတ်ဝင်တစားနှင့် တက်ကြွရွှင်လန်းစွာ အလုပ်လုပ်နေကြမည်ဖြစ်သည်။ သူတို့ လုပ်ကိုင်နေသော လုပ်ငန်းမှာ အခြားလူတို့အတွက် ရေရှည်


mgyoe.com

mgyoe.com SAMPLE BOOK

တည်တံ့ခိုင်မြဲသော တန်ဖိုးနှင့် အကျိုးအမြတ်များ ပေးနေသည်ဟူ၍ သူတို့ သဘောပေါက် နားလည်ကြသည်။ သို့ဖြစ်၍ သူတို့အားလုံး၏ ရည်ရွယ်ချက်မှာ အခြားလူများ သို့မဟုတ် လုပ်ငန်းများနှင့် ခြားနားနေသည်။ ခြားနားခြင်းသည်ပင် သူတို့၏ မျှော်မှန်းချက် ဖြစ်လာသည်၊ တက်ကြွမှု ဖြစ်လာသည်။ သို့ဆိုလျှင် သူတို့၏ လုပ်နည်းကိုင်နည်း၊ တစ်နည်းအားဖြင့် အလုပ်အပေါ်ထားသော သဘောထားအမြင်သည်ပင် ကြီးပွားတိုးတက်ရာအတွက် နည်းလမ်းများ ဖြစ်လာတော့သည်။

အဆိုပါနည်းလမ်းအတိုင်း ကျင့်တော့မည် ဆိုလျှင် အဓိက လိုအပ်ချက်မှာ ကျွန်ုပ်တို့၏ ဇီဇပါ အသိဉာဏ် ဖြစ်ပါသည်။ အဆိုပါ အသိဉာဏ်ပညာဖြင့် အလုပ်လုပ်ဖို့ လိုပါသည်။ ကရုဏာစိတ်နှင့် တည်ကြည်သော သမာဓိကို ပညာ၏ အစွမ်းဖြင့်သာ ဟန်ချက်ညီညီ ထိန်းနိုင်ပါသည်။ အဆိုပါပညာမှာ ဗုဒ္ဓ၏ စိတ်နေစိတ်ထား ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် ကျွန်ုပ်တို့ ရင်ထဲတွင် ကိန်းဝပ်နေသော ဗုဒ္ဓသဘာဝ ဖြစ်ပါသည်။ အဆိုပါ သဘာဝကား အားပျော့ခြင်း၊ ချည့်နဲ့ခြင်း မရှိ၊ ရန်လိုခက်ထန်ခြင်း၊ အတ္တကြီးခြင်း မရှိ။ ပီတိ စင်ကြယ်၍ ခိုင်မြဲသော သဘောရှိသည်။ အဆိုပါ အသိစိတ်ဖြင့်သာ ပညာကို ထိုးထွင်းသိမြင်နိုင်ပါသည်။ ဤသို့ သိမြင်လိုက်သည်နှင့် သင် လုပ်ကိုင်ဆောင်ရွက်လိုက်သည့် အမှုကိစ္စ အဝဝမှာ အံ့ဖွယ် ထူးဖွယ်ကောင်းလောက်အောင်ပင် ထိရောက်မှု ရှိလာပါတော့သည်။ ထိုအခါ သင်၏ နေ့စဉ်ဘဝနှင့်အတူ သင်၏ အစစ်အမှန်တရားကို သင်၏ ဝန်ထမ်းများ၊ ဖောက်သည်များနှင့် အပြည့်အဝ တွဲဖက်လျက် ဖော်ထုတ်လိုက်ခြင်းလည်း ဖြစ်ပါသည်။

## စစ်မှန်သော ခေါင်းဆောင်မှုအတွက် နည်းလမ်းရှစ်သွယ်

လောကတွင် တန်ဖိုးနှင့် အမှန်တရားများ ရှိပါသည်။ ယင်းတို့နှင့် ပတ်သက်၍ လက်တွေ့ကျသော အမြင်တစ်ခုကို ဗုဒ္ဓရှင်တော်မြတ်က ဟောကြားခဲ့ပါသည်။ မဂ္ဂင်ရှစ်ပါး မြတ်တရား ဟူ၍ ဖြစ်ပါသည်။ တရားမြတ်၏ ရည်ရွယ်ချက်မှာ ဒုက္ခ ဝေဒနာတို့မှ ကမ္ဘာလောကကြီးကို လွတ်ကင်းစေလျက် အသိပညာ ရရှိစေဖို့ ဖြစ်ပါသည်။ မဂ္ဂင်ရှစ်ပါး

mgyoe.com

mgyoe.com
SAMPLE BOOK

မြတ်တရားကို သဘောပေါက် နားလည်၍ နှလုံးသွင်းမိသော အရိယာပုဂ္ဂိုလ်တစ်ဦးကိုလည်း သံသရာမှ လွတ်မြောက်သူ သို့မဟုတ် နိုးထသူဟူ၍ တရားရှင်ကိုယ်တော်တိုင်က ရည်ညွှန်းလေ့ ရှိပါသည်။ ယခု သင်၏ အသင်းအဖွဲ့သို့ ခေါင်းဆောင်မှုဆိုင်ရာ ဉာဏ်အလင်းသစ်တို့ကို ဖွင့်ပေးမည့် သော့မှာ မဂ္ဂင်ရှစ်ပါး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သင့်လုပ်ငန်းခွင်အတွင်းမှ ဖန်တီးနိုင်စွမ်းအား၊ ထုတ်လုပ်နိုင်စွမ်းအားနှင့် ထိရောက်မှု စွမ်းရည်တို့ကို အောက်ခြေသိမ်း တိုးမြှင့်ရာတွင် နှစ်ပေါင်းများစွာ သက်သေပြပြီးသော ခေါင်းဆောင်မှု ပုံစံတစ်ခု ဖြစ်ပါသည်။

မဂ္ဂင်ရှစ်ပါးကို စီးပွားရေးကိစ္စများတွင် တန်ဖိုးအခြေခံ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုများအတွက် လက်တွေ့ကျသည့် လမ်းညွှန်တစ်ခုအဖြစ် အသုံးပြုလာခဲ့ကြပါသည်။ ထို့ပြင် ရောင်းဝယ် ဖောက်ကား ထုတ်လုပ် ရောင်းချနေကြသည့် ကုန်သွယ်ရေး ကမ္ဘာလောကကြီးအတွင်း မှီတင်းနေထိုင်၍ စီးပွားဆောင်တာ လုပ်ကိုင်နေကြသူများအတွက်လည်း မဂ္ဂင်ရှစ်ပါးသည် လက်စွဲ လမ်းညွှန်အဖြစ် ဖွံ့ဖြိုးလာခဲ့ပြန်ပါသည်။ သို့ဖြစ်၍လည်း လယ်တော၊ ယာတောမှ အမှုဆောင် အရာရှိရုံးအထိလည်းကောင်း၊ အဆင့်ဆင့် စီမံခန့်ခွဲမှုများမှ ဒါရိုက်တာရုံးအဖွဲ့အထိ လည်းကောင်း ယင်းတို့အတွင်းမှ စစ်မှန်သော ဆက်သွယ်မှုများကို ကြံ့ခိုင် ဖွံ့ဖြိုးလာစေမည့် နည်းလမ်းများ ပါရှိနေပါသည်။

မဂ္ဂင်ရှစ်ပါး မြတ်တရား၏ ထူးခြားသည့် လက္ခဏာမှာ အမှုအကျင့်တစ်ခုနှင့် တစ်ခုသည် သီးခြားဖြစ်ပေါ်နေခြင်း မရှိပါ။ သို့တည်းမဟုတ် တစ်ဆင့်ပြီးမှ တစ်ဆင့် အလုပ်ကျင့်စဉ်မျိုးလည်း မဟုတ်ပါ။ တစ်ခုနှင့်တစ်ခု အမှီသဟဲပြု၍ ဆက်နွှယ်နေသော အကျင့်အကြံများ ဖြစ်ပါသည်။ အပြားအားဖြင့် ရှစ်ပါးရှိသော်လည်း အစုအားဖြင့် သုံးစုခွဲ၍ လေ့လာနိုင်ပါသည်။ ယင်းတို့မှာ ပညာမဂ္ဂင်၊ ကိုယ်ကျင့်မဂ္ဂင်နှင့် သမာဓိမဂ္ဂင်တို့ ဖြစ်ပါသည်။ သက်ဆိုင်ရာ အကျင့်အကြံ၊ အပြောအဆိုများမှာ ဆိုခဲ့ပါ မဂ္ဂင်သုံးပါးပေါ်တွင် ဗဟိုပြု လည်ပတ်နေခြင်း ဖြစ်ပါသည်။ ယင်းသုံးစုမှာ ဘဝ၏ အဓိကတန်ဖိုးများ ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

**ပညာမဂ္ဂင်**

၁။ သမ္မာဒိဋ္ဌိ
(ကောင်းစွာ သိမြင်ခြင်း၊ အရိယာသစ္စာ လေးပါးကို ထိုးထွင်း သိမြင်သော ပညာစေတသိက်)

၂။ သမ္မာသင်္ကပ္ပ
(ကောင်းစွာကြံစည်ခြင်း)

**ကိုယ်ကျင့်မဂ္ဂင်**

၃။ သမ္မာဝါစာ
(ကောင်းစွာပြောဆိုခြင်း)

၄။ သမ္မာကမ္မန္တ
(ကောင်းစွာပြုလုပ်ခြင်း)

၅။ သမ္မာအာဇီဝ
(ကောင်းစွာအသက်မွေးခြင်း)

၆။ သမ္မာဝါယမ
(ကောင်းစွာအားထုတ်ခြင်း)

**သမာဓိမဂ္ဂင်**


၇။ သမ္မာသတိ
(ကောင်းစွာအောက်မေ့ခြင်း)

၈။ သမ္မာသမာဓိ
(ကောင်းစွာတည်ကြည်ခြင်း)

အောက်တွင် မန္တလ သို့မဟုတ် ပုံစံပြားတစ်ခုကို တည်ဆောက်ပေးထားပါသည်။ အသင်းအပင်း၊ အဖွဲ့အစည်း၊ ကုမ္ပဏီ စသဖြင့် အစုအဖွဲ့တို့ကို အောင်မြင်စွာ စီမံခန့်ခွဲ၊ အုပ်ချုပ်နိုင်စေမည့် လမ်းညွှန် ဖြစ်ပါသည်။ မန္တလတွင် အပိုင်းရှစ်ပိုင်း ပါဝင်ပြီး တစ်ပိုင်းစီတွင် မဂ္ဂင်ရှစ်ပါးမှ တန်ဖိုးအသီးသီးကို ကိုယ်စားပြု ဖော်ပြထားပါသည်။ တစ်နည်းအားဖြင့် စစ်မှန်သော ခေါင်းဆောင်မှုကို ဖန်တီးပေးနေသည့် အဓိက တန်ဖိုးများ

mgyoe.com

mgyoe.com SAMPLE BOOK




ဖြစ်ပါသည်။ သို့ဖြစ်၍ သင်၏ နေ့စဉ်ဘဝ၌ အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အဆိုပါ မန္တလကို မျက်မြင်လမ်းညွှန်အဖြစ် သုံးနိုင်ပါသည်။

## စစ်မှန်သော ခေါင်းဆောင်မှုအတွက် မဂ္ဂင်ရှစ်ပါးကို အသုံးချခြင်း

ဗုဒ္ဓမြတ်စွာ၏ ရှစ်ပါးသော လမ်းများအတိုင်း တဖြည်းဖြည်း လိုက်လာသည့်အခါ အကြင်သူသည် အပြောင်းအလဲတို့ကို သတိပြုလာလိမ့်မည် ဖြစ်ပါသည်။ အပြောင်းအလဲများကား တင်းကျပ်သော အခြေအနေ တစ်ခုကို ကိုင်တွယ်ဖြေရှင်းရာတွင် လည်းကောင်း၊ အောင်မြင်မှုများကို အခြားသော နှုန်းစံများနှင့် တိုင်းတာရာတွင် လည်းကောင်း ကြုံတွေ့လာရသည့် အပြောင်းအလဲများပင် ဖြစ်ပါသည်။ ဤ၌ သင်၏ ဆုံးဖြတ်ချက်

mgyoe.com

mgyoe.com
SAMPLE BOOK

များမှာ ပင်ကိုသဘော ဆောင်လာခြင်း သို့မဟုတ် အခြားလူများနှင့် ဆက်ဆံရေးများမှာ ပိုမိုပွင့်လင်း၍ အချုပ်အနှောင်၊ အတားအဆီး နည်းပါးလာခြင်း စသည်တို့လည်း ဖြစ်နိုင်ပါသည်။ ထိုအချိန်တွင် သင်၏ ပဓာန ရည်ရွယ်ချက်မှာ သင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း အပေါ်တွင် အခြေခံခြင်း မရှိတော့ဘဲ အစုအဖွဲ့၏ ခိုင်မာသော ရည်ရွယ်ချက် ဖြစ်လာကြောင်း သဘောပေါက်နိုင်ပါသည်။ ဆိုခဲ့သလို မဂ္ဂင်လမ်း၏ 'အကာလိကော' အကျိုးပေးသည့် အရည်အသွေးများကား တန်ဖိုးမဖြတ်နိုင်သော နည်းလမ်းအသွယ်သွယ်ဖြင့် သင်၏ အဖွဲ့အစည်းကို အကြိမ်ကြိမ် အခါခါ လှုပ်နှိုးလိမ့်မည် ဖြစ်ပါသည်။

## ဉာဏ်ပညာကို လေ့ကျင့်ခြင်း

မည်သည့် ရည်ရွယ်ချက် ပန်းတိုင်သို့ ချိန်ရွယ်သည်ဖြစ်စေ စိတ်ကို တည်ငြိမ်အောင် စုစည်း၍ အင်အားရှိစေရန် လေ့ကျင့်ခြင်းမှာ ပထမဆုံး အရေးပါသော ခြေလှမ်း ဖြစ်ပါသည်။ သို့ဖြစ်၍လည်း အဆိုပါ လေ့ကျင့်မှုကို ဆရာများစွာက အရေးတယူ ပြောဆိုခဲ့ကြသလို စိတ်ကို လေ့ကျင့်ပေးသည့် ဖြစ်စဉ်တစ်ခုအနေနှင့်လည်း ရည်ညွှန်းတတ်ပါသည်။ အထူးသဖြင့် အမှန် သို့မဟုတ် သစ္စာတရားကို ထိုးထွင်းသိမြင်စေရန် အတွက် စိတ်လေ့ကျင့်ခန်း ဖြစ်သည်။

အသိပညာကို လေ့ကျင့်ယူရာတွင် အတွင်း၊ အပ ဟူ၍ နှစ်ဌာန ရှိသည်။ အပလေ့ကျင့်မှုမှာ ခေါင်းဆောင်တစ်ဦးအနေဖြင့် လေ့ကျင့်ခြင်း ဖြစ်သည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် ကျွန်ုပ်တို့သည် ပြတ်သားဖို့ လိုသည်။ သို့သော် ကြောင်းကျိုးဆီလျော်မှု ရှိဖို့လိုသည်။ မိမိလုပ်ငန်းတွင် ငွေကြေး အမြတ်အစွန်း တစ်ခုတည်း မဟုတ်ဘဲ မိမိ၏ အလုပ်သမား၊ ဝန်ထမ်း၊ လုပ်ဖော်ကိုင်ဖက်နှင့် စားသုံးသူတို့၏ အကျိုးကိုပါ ကျယ်ပြန့်စွာ ထည့်သွင်း စဉ်းစားခြင်း ဖြစ်သည်။

လေးနက်စူးရှသော ထိုးထွင်းသိမြင်မှုနှင့် ပညာကို ဖော်ထုတ်ခြင်းသည် အတွင်း၊ သို့မဟုတ် အဇ္ဈတ္တ လေ့ကျင့်မှု ဖြစ်သည်။ ဤသို့ စိတ်ဝိညာဉ်၏ နက်ရှိုင်းသော အသိပညာကို ရရှိလာသည်နှင့်အမျှ ကျွန်ုပ်တို့


mgyoe.com

mgyoe.com
SAMPLE BOOK

၏ စိတ်မှာလည်း သိမ်မွေ့ နူးညံ့၍ စုစည်း ကျစ်လျစ်လာကာ အတ္တ အနှောင်အဖွဲ့မှ ကင်းလွတ်လာသည်။ မိမိကိုယ်မိမိနှင့် အခြားလူများကို ပို၍ သဘောပေါက် နားလည်လာသည်နှင့်အမျှ မိမိ၏ အဖွဲ့အစည်း အတွင်း တန်ဖိုးသစ်များကို ဖန်တီးလာနိုင်တော့သည်။

ကရုဏာတရား စတင်ဖြစ်ထွန်းရာလမ်းမှာ ကျွန်ုပ်တို့၏ အတွေ့ အကြုံများမှ ဖြစ်ပါသည်။ မချိမဆံ့ နာကျင်ခံခက်သော ဝေဒနာများ သည်ပင် လူတစ်ဦးနှင့် တစ်ဦးကို နက်ရှိုင်းစွာ စုစည်းပေးတတ်ပါသည်။ ဦးဆောင် တက္ကနိုလိုဂျီ ကုမ္ပဏီကြီးတစ်ခု၏ ဒုတိယဥက္ကဋ္ဌ ကြုံတွေ့ခဲ့ ရသည့် အဖြစ်အပျက်တစ်ခုမှာ စိတ်ဝင်စားစရာကောင်းလှသည်။ ၁၆ နှစ်အရွယ် သူ၏ သားငယ် ဆုံးပါးသွားရာမှ သူ့အနေဖြင့် အခြားသူများ အပေါ် ပို၍နားလည်လာသည်၊ ကိုယ်ချင်းစာတတ်လာသည်ဟုဆိုသည်။ သို့တိုင် သားဆုံး၍ သူ့ရင်၌ တောက်လောင်ခဲ့သည့် ပရိဒေဝ သောကမီး များကား ပူလောင်ရုံသက်သက်နှင့် ပြီးခဲ့သည်မဟုတ်။ သူ့နှလုံးသားက ပညာအဖြစ် လေ့လာသင်ယူနိုင်ခဲ့ပြီး အခြားလူများနှင့် ဆက်ဆံရေးတွင် အောင်မြင်စွာ အသုံးချနိုင်ခဲ့သည်။ သူ့ကုမ္ပဏီအတွင်း လူတစ်ဦးနှင့် တစ်ဦး ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့သည်။ အပြန်အလှန်အားဖြင့်ပင် ကုမ္ပဏီ၏ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုမှာလည်း အံ့မခန်းလောက်စရာ တက်လာတော့သည်။

စင်စစ် အတွေ့အကြုံနှင့် ဗဟိုဒ္ဓမှ ရယူထားသော ပညာဖြင့် စီမံခန့်ခွဲခြင်း မှာ အစွန်းလွတ်၍ အဓိပ္ပာယ်ရှိသော ခေါင်းဆောင်မှုပုံစံ ဖြစ်ပါသည်။ သင်နှင့် ထိတွေ့ ဆက်ဆံနေရသော လုပ်ဖော်ကိုင်ဖက်များ၏ လိုအပ် ချက်တို့ကို ပို၍ သဘောပေါက် နားလည်လာသည့်အတွက် အဆိုပါ လိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိမည့် အသင်းအပင်းကိုသာ သင့် အနေဖြင့် တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မဂ္ဂင် တစ်

# သမ္မာဒိဋ္ဌိ

mgyoe.com

mgyoe.com SAMPLE BOOK

ဝန်ထမ်းတို့၏ ဆန်းသစ်သော စိတ်ကူးစိတ်သန်းတို့ကို ပွင့်ပွင့်လင်းလင်း မြေတောင်မြှောက်ပေးနိုင်မည့် ပေါ်လစီများကို ကျင့်သုံးပါ။ အပြန်အလှန်အားဖြင့် ရှင်သန်တက်ကြွနေသော ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ထွန်းလာမှာဖြစ်ပြီး အဆိုပါ ပတ်ဝန်းကျင်က သင့်ကုမ္ပဏီကို မှန်ကန်သော အသိပညာဖြင့် ထုံမွှမ်းထားသော သွက်လက် ထိရောက်မှုရှိသည့် အဆင့်သို့ ပြောင်းလဲပေးလိမ့်မည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မဂ္ဂင် တစ်

# သမ္မာဒိဋ္ဌိ

"အမျိုးမျိုးသော တွေးတော ကြံစည်ခြင်း၊ ဆန္ဒရှိခြင်းတို့ကို အကြင်သူ တစ်ဦးသည် ဖယ်ခွာထားအံ့၊ အကြင်သူသည် ဝင်္ခဆင်းရဲ သံသရာ၌ မည်သည့်အခါမျှ ပြန်လည်မွေးဖွားလိမ့်မည် မဟုတ်"

– ဗုဒ္ဓ

## ကောင်းစွာမြင်ခြင်း

ကောင်းစွာမြင်ခြင်း သို့မဟုတ် သမ္မာဒိဋ္ဌိအမြင်ရှိခြင်းသည် မဂ္ဂင်ရှစ်ပါး၏ ပထမဆုံး တရားမြတ်ဖြစ်သလို စစ်မှန်သော ခေါင်းဆောင်မှုအတွက်လည်း ပထမဆုံး ဥပဒေသတစ်ခု ဖြစ်သည်။ တစ်နည်းအားဖြင့် အစစ်အမှန် ကမ္ဘာလောကကြီးနှင့် သင့်အကြား သတိနှင့် ဆက်သွယ်ထားခြင်း ဖြစ်သည်။ ဤသည်ပင် ကမ္ဘာကြီးကို သူ့အတိုင်း မြင်ဖို့အတွက် သင့်ကို သတိပေးနေသော အသိပညာ၏ ပင်မဒေါက်တိုင်ဖြစ်သည်။ စီးပွားရေး အသုံးအနှုန်းနှင့်ဆိုရလျှင် သမ္မာဒိဋ္ဌိမှာ သင့်အဖွဲ့အစည်းအတွက် လက်ခံထားရမည့် အမြင်တစ်ခု ဖြစ်သည်။ ကုမ္ပဏီတစ်ခု၏ ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်သော ခြေလှမ်းအဆင့်ဆင့်တိုင်းတွင် အာနိသင်

mgyoe.com

mgyoe.com SAMPLE BOOK

ထက်မြက်၍ ထိရောက်မှုရှိသည့် အမြင်တစ်ခုနှင့် တွဲဖက်နေသောအခါ ကုမ္ပဏီ၏ ဖွံ့ဖြိုးမှုနှင့် ဖွဲ့စည်းမှုမှာ တောင့်တင်း ခိုင်မာနေမည် ဖြစ်ပါသည်။

သမ္မာဒိဋ္ဌိအမြင်ဖြင့် ကျွန်ုပ်တို့ မျက်လုံးအတွင်းမှ ဖုန်မှုန့်များကို ဖယ်ရှားပစ်ရပါလိမ့်မည်။ သို့မှသာ အမှန်တကယ် ရှိနေသော အခြေအနေ အရပ်ရပ်ကို ကောင်းစွာမြင်ရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဖြစ်ချင်သည့် အရာများ ဖြစ်လာကြသည် မဟုတ်ပါ။ ကျွန်ုပ်တို့ အမှန်ရင်ဆိုင်နေရသည့် အခြေအနေတို့ကို မြင်ဖို့လိုပါသည်။ သို့ဆိုလျှင် လက်ရှိဖြစ်ပျက်နေသည့် အခြေအနေအတိုင်း သင်ကိုယ်တိုင်နှင့် သင့်ကုမ္ပဏီကို မြင်နိုင်ပါသလား။ အခြား ကုမ္ပဏီများနှင့် ခြားနားနေသော အခြေအနေကို နားလည်ပါသလား။ ဈေးကွက်တွင် သင့်ကုမ္ပဏီ မည်သို့ ရပ်တည်နေပါသလဲ။ ဘာကြောင့် ဤသို့ရပ်တည်နေရပါသလဲ။ သင့်ကုမ္ပဏီ၏ အမှန်တကယ် လားရာကို မှန်းဆ သိနိုင်ပါသလား။ သင့်ကုမ္ပဏီ၊ သို့မဟုတ် အဖွဲ့အစည်းကို ပြောင်းလဲစေမည့် အရေးယူ ဆောင်ရွက်မှုများကို လက်တွေ့ကျကျ ကိုင်တွယ်နိုင်ပါသလား။ သင့်အဖွဲ့အစည်းကို နိုးထအောင် နှိုးနိုင်ပါသလား။

သင့်ကုမ္ပဏီ၏ ဦးတည်ရာကို ထွင်းထွင်းဖောက်ဖောက် နားလည်နိုင်ဖို့ရာ ဦးဆုံး သိရှိထားဖို့လိုသည့် အချက်တစ်ခု ရှိပါသည်။ ကုမ္ပဏီနှင့် အနီးကပ် ရှိသူများက ကုမ္ပဏီအပေါ် ထားသည့် သဘောထားဖြစ်သည်။ သူတို့ သဘောထားကို သင် သိဖို့ လိုပါသည်။ ဤသို့ မိမိ၏ ဝန်ထမ်းများ၊ ဖောက်သည်များ၏ သဘောထားတို့ကို သင့်အနေနှင့် တိုက်ရိုက် သိရှိခြင်းမှတစ်ဆင့် ဈေးကွက်တွင် ကြီးထွားနိုင်သော ကုမ္ပဏီ၏ အလားအလာနှင့် အခြေအနေတို့ကို ကောင်းစွာဆက်၍ သဘောပေါက်နိုင်ပါသည်။ ဆိုခဲ့သလို သဘောထား ဆက်နွယ်မှုများကို နားလည် သဘောပေါက်ခြင်းဖြင့် သင်နှင့် စားသုံးသူတို့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် ဆန်းသစ်သော စီးပွားရေးနည်းလမ်းသစ်တို့ကို သင့်ဘက်မှ ရှာဖွေလာနိုင်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

တက္ကနိုလိုဂျီ ကုမ္ပဏီကြီးတစ်ခု၏ စီနီယာ ဒုတိယဥက္ကဋ္ဌ ဘာဘရာက သူ့ အဖွဲ့အစည်းကို အောက်ခြေသိမ်း ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာတွင် ဤသို့ မှတ်ချက်ပေးခဲ့သည်။

"အောက်ခြေသိမ်း ပြောင်းလဲမှုတွေ ပထမ စတင်တဲ့ နေရာက ကျွန်မတို့ ကုမ္ပဏီ အဆောက်အအုံထဲမှာပါပဲ၊ ပြီးနောက်မှာတော့ အပြင်ကို ပွင့်ထွက်သွားအောင် ကျွန်မတို့ ဆောင်ရွက်နိုင်ခဲ့တယ်"

ယနေ့ဆိုလျှင် မိမိ၏ အတွင်းအဇ္ဈတ္တမှတစ်ဆင့် အပြင်သို့ မြင်တတ်သည့် သူ၏ အမြင်ကား ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် နည်းပညာတို့ အပြောင်းအလဲကြီး ပြောင်းလဲအောင် ဆောင်ကြဉ်းနေပြီ ဖြစ်ပါသည်။

သမ္မာဒိဋ္ဌိအမြင် ရှိနေခြင်း ဆိုသည်မှာ အခြေအနေတိုင်းနှင့် ထိတွေ့နေခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ပစ္စုပ္ပန်နှင့် တစ်သားတည်း ရှိနေခြင်း ဖြစ်သည်။ သမ္မာဒိဋ္ဌိအမြင် စင်ကြယ်နေသည့်အခါ သင်၏ အဇ္ဈတ္တနှင့် ကောင်းစွာဆက်သွယ်နိုင်သလို ၎င်းထံမှ အသံတို့ကို ကြည်လင်စွာ ကြားရမည်ဖြစ်သည်။ ဤသို့ အတွင်းစိတ်သဏ္ဌာန် စင်ကြယ်နေခြင်းကိုပင် ဗုဒ္ဓက ပညာဟူ၍ ဟောတော်မူခဲ့သည်။ ပညာဟု ဆိုသော ကြည်လင်စင်ကြယ်ခြင်းကို သင် မည်သို့ ရနိုင်ပါသလဲ။ ကုမ္ပဏီ၏ ရေတို၊ ရေရှည် အောင်မြင်မှုနှင့် သင်၏ အမူအကျင့်၊ အတွေးအခေါ်များ တစ်ဆက်တည်း ရှိသော အမြင်တစ်ခုရှိပါစေ။ အဆိုပါအမြင်ဖြင့် ပညာကို ဖန်တီးနိုင်သည်။ ကုမ္ပဏီ အောင်မြင်မှုအတွက် စီမံကိန်းတစ်ခု ပြုလုပ်ပါ။ သို့သော် အဆိုပါ စီမံကိန်းမှာ သင်နှင့် သင့်ကုမ္ပဏီအနေဖြင့် မှန်ကန်သော အမြင်ကြောင့် ကြုံတွေ့လာမည့် တိကျသော ရလဒ်တို့ကို မျက်မှောက်ပြုနိုင်သည့် စီမံကိန်း ဖြစ်ရမည်။

စားသုံးသူတို့၏ မျှော်မှန်းချက် ပြည့်မီစေဖို့အတွက် သင့်ကုမ္ပဏီဝန်ထမ်းများဘက်မှ တက်ကြွမှု၊ စိတ်အားထက်သန်မှုများ ရှိပါသလား။ အဆိုပါ အမြင်မှာ ကြီးမားသော အကျိုးအမြတ်တို့ကို ဖြစ်ထွန်းစေပြီး အဖွဲ့အစည်းကို ပိုမိုကျစ်လျစ် ခိုင်မာစေနိုင်ပါသလား။

mgyoe.com

mgyoe.com
SAMPLE BOOK

## ပစ္စုပ္ပန်၌ နေထိုင်ခြင်း

ပစ္စုပ္ပန်ကာလအတွင်း နေထိုင်ရန်အတွက် သင့်ကို လေ့ကျင့်ပေးမည့် လေ့ကျင့်ခန်း ၂၂ ခန်းကို ဤစာအုပ်တွင် ထည့်သွင်းထားပါသည်။ ပစ္စုပ္ပန်က ပေးသော အသိပညာဖြင့် သင့်နှလုံးသားအခြေမှ အပြောင်းအလဲကြီးများကို သဘောပေါက် နားလည်နိုင်ပါသည်။ ထိုမျှမက အလားတူ ဥပဒေသများကို အုပ်စုအတွင်း လေ့ကျင့်နိုင်မည့် လေ့ကျင့်ခန်းများလည်း ပါဝင်ပါသည်။

## မှန်ကန်သော အမြင်နှင့် စီအီးအိုများ

နိုက်*(Nike)*ကို ဖွဲ့စည်းစဉ်က ဖီးလ် နိုက်၏ အမြင်မှာ လူတိုင်းအား အောင်မြင်မှုများနှင့် ဆက်သွယ်ပေးဖို့ ဖြစ်သည်။ နိုက်နှင့်အတူ သက်သောင့်သက်သာနှင့် အောင်မြင်မှုရစေရန် ဖြစ်သည်။ တီဗီပရိုဂရမ်တစ်ခုကို ဝင်းဖရေး စတင်လွှင့်ထုတ်စဉ်ကလည်း သူ့တွင် အမြင်တစ်ခု ရှိခဲ့သည်။ အမျိုးသမီးထုကြီးအတွက် အသိပညာ ဉာဏ်ကြီးမည့် အကြောင်းအရာ၊ အချက်အလက်များပေးပြီး အမျိုးသမီးတို့၏ အခန်းကဏ္ဍကို မြှင့်ပေးဖို့ ဖြစ်သည်။ အလားတူ စီးပွားရေး လုပ်ငန်းကိုင်ငန်းများအတွက် ကွန်ပျူတာ နည်းပညာကို ဖွံ့ဖြိုးစေချင်သည့် အမြင်ဖြင့် စတင်ခဲ့သော ဆန်း မိုက်ခရိုစနစ်၏ ခေါင်းကိုင် ဘီးလ် ဂျွိုင်းကို ယခုအခါ အင်တာနက်၏ အက်ဒီဆင် ဟူ၍ နေရာပေးခဲ့ကြသည်။

မည်သို့ရှိစေ ၎င်းတို့၏ အနာဂတ်မျှော်မှန်းချက်အသီးသီးမှာ ၎င်းတို့၏ ပုဂ္ဂလိကဘဝ၊ အဖွဲ့အစည်း ရည်မှန်းချက်များထက် အဆများစွာ ကျော်လွန်ခဲ့ပြီ ဖြစ်သည်။ ဤသည်ကား သမ္မာဒိဋ္ဌိသို့မဟုတ် ကောင်းစွာ သိမြင်ခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်သည်။ တိကျ ပြတ်သားသော သဘောပေါက် နားလည်ခြင်းဖြင့်သာ သင့်အဖွဲ့အစည်း၏ တာဝန်နှင့် အမြင်တို့ကို ကောင်းစွာဖန်တီးနိုင်သလို ယင်းတို့မှာလည်း ဈေးကွက်၏ အလှုပ်အယမ်းနှင့် အချိန်အခါ၏ အတားအဆီးတို့ကို ကြံ့ကြံ့ခံနိုင်မည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဝန်ထမ်းများ၊ ဖောက်သည်များနှင့် အတွင်းကျကျ ထိတွေ့ဆက်ဆံလာရာမှ မှန်ကန်သော အမြင်တစ်ခု ရရှိလာသလို ဤသို့ရရှိလာခြင်းကြောင့်ပင် အဖွဲ့အစည်းတစ်ခုလုံး၏ အသိပညာလည်း မြင့်မားလာပါသည်။ အမှန်အားဖြင့် အဓိက အခြေခံများ ဖွံ့ဖြိုးလာစေမည့် မဟာဗျူဟာတို့ကို မောင်းနှင်ပေးနေသည်မှာလည်း ဆိုခဲ့သလို ရင်းနှီး၍ သက်ဝင်လှုပ်ရှားနေသည့် ဆက်သွယ်မှု ဖြစ်သည်။ ဤနေရာ၌ ဝန်ထမ်းများနှင့် ဖောက်သည်တို့ကို မိမိအမြင်နှင့် မည်သို့ ဆက်သွယ်ချိတ်ဆက်ပေးရမည် ဟူသော နည်းပရိယာယ်တွင်မူ ဝင်းဖရေးနှင့် ဘီးလ် ဂျိုင်းတို့မှာ ဆရာ့ဆရာများအဖြစ် စံတင်ထိုက်သည်။ ၎င်းတို့၏ အနာဂတ်မျှော်မှန်းချက်များ သို့မဟုတ် အမြင်တို့ကို အဖွဲ့အစည်းအတွင်း စိမ့်ဝင်ပျံ့နှံ့သွားအောင် ဆောင်ရွက်နိုင်ကြသည်။ ရလဒ်အားဖြင့် သူတို့အဖွဲ့အစည်းအတွင်းမှ ဆုတ်ယုတ်ပျက်စီးမှုများ၊ အလုပ်သမား အဝင်အထွက်နှုန်းများ ကျဆင်းသွားပြီး ဝန်ထမ်းများကိုယ်တိုင် သူတို့ ဉာဏ်စွမ်းဉာဏ်စ ရှိသလောက် အစွမ်းပြဖို့ ဟန်တပြင်ပြင် ဖြစ်လာကြသည်။ တစ်နည်းအားဖြင့် ကုမ္ပဏီ၏ မျှော်မှန်းချက် သို့မဟုတ် အမြင်နှင့် မတူသူတို့ အားလုံးတစ်သားတည်း ကျသွားခြင်း ဖြစ်သည်။ ယခု ဖော်ပြခဲ့သော အကြောင်းအရာနှင့် သင့်ကုမ္ပဏီ၏ အခြေအနေတို့ကို ချိန်ထိုးကြည့်ပါသလား။ သင့်ကုမ္ပဏီ၏ သဘောထား သို့မဟုတ် အမြင်တို့ကို အမှန်အတိုင်း နားလည်ဖို့ရာ အောက်ပါမေးခွန်းတို့ကို သင့်ကိုယ်သင် မေးကြည့်စမ်းပါ။

- ❑ သင်၏ အလုပ်သမား သို့မဟုတ် ဝန်ထမ်း၊ မန်နေဂျာနှင့် ဖောက်သည် စသဖြင့် သင်၏ လုပ်ဖော်ကိုင်ဖက်အားလုံးကို ကျစ်လျစ် ခိုင်မာသော အမြင်တစ်ခုဖြင့် ချိတ်ဆက်ထားပါသလား။ ထားသည်ဆိုလျှင် ၎င်းအမြင်ကား အဘယ်နည်း။
- ❑ သင့်ဝန်ထမ်း၊ အလုပ်သမားတို့၏ ကိုယ်ပိုင် ဉာဏ်စွမ်းဉာဏ်စများ ထုတ်ပြနိုင်မည့် အခြေအနေကောင်းများ သင့်ကုမ္ပဏီတွင် ဖန်တီးထားပါသလား။
- ❑ အလုပ်သည် ပျင်းရိငြီးငွေ့စရာမဟုတ်ဘဲ မိမိတို့အိပ်မက်များအား အလုပ်မှတစ်ဆင့် ဖန်တီးယူနိုင်ကြောင်း သဘောပေါက်

mgyoe.com

mgyoe.com
SAMPLE BOOK

နားလည်စေဖို့ ဝန်ထမ်းများကို ကုမ္ပဏီက အားပေးအားမြှောက် လုပ်ထားပါသလား။

ဤသို့ အနာဂတ် မျှော်မှန်းချက် သို့မဟုတ် အမြင်၌ အခြေခံသော ခေါင်းဆောင်မှုဖြင့်သာ သင့်အဖွဲ့အစည်းတစ်ခုလုံး၏ စွမ်းဆောင်ရည်ကို တစ်မုဟုတ်ချင်း သိနိုင်ပါသည်။ သင့်ကုမ္ပဏီ၏ တန်ဖိုးများ၊ မစ်ရှင် (သဘောတူ ဆုံးဖြတ်ထားသော တာဝန်ယူမှု) နှင့် ရေရှည်မျှော်မှန်းချက် တို့ကို အတိအကျ ချမှတ်နိုင်သည်မှာလည်း ဤအချက်ပင် ဖြစ်ပါသည်။ ကမ္ဘာလောက သို့မဟုတ် ဈေးကွက်အလယ်တွင် သင့်ကုမ္ပဏီအနေဖြင့် မားမားမတ်မတ် ရပ်တည်နိုင်မည့် အရာများကို သင် သိပါသည်။ အဆိုပါ အသိသည်ပင် သင် ဝင်ရောက် လှုပ်ရှားနေသော စီမံခန့်ခွဲမှု အတွက် အခြေခံကို မွေးဖွားပေးလိုက်သည့် ဉာဏ်ပညာ *(Wisdom)* ၏ အသီးအပွင့် တစ်ခု ဖြစ်ပါသည်။

## မှားသောအမြင်

ဗုဒ္ဓ၏ တရားဒေသနာတွင် သမ္မာဒိဋ္ဌိ ဟူသော အယူအဆ *(Concept)* မှာ လွန်စွာ ရိုးစင်းပါသည်။ (ဗုဒ္ဓမြတ်စွာ ဟောကြားသော မူလအနက် အဓိပ္ပာယ်မှာ အရိယာသစ္စာ လေးပါးကို ထိုးထွင်းသိမြင်သော ပညာ စေတသိက်ကို ဆိုလိုပါသည်။) သို့သော် ဤနေရာတွင် အမှန် သို့မဟုတ် အစစ်အမှန်တရားကို စနစ်တကျ သဘောပေါက် နားလည်ခြင်းဟူ၍နှင့် ပင် လုံလောက်ပါသည်။ မှန်ကန်မှု ဆိုရာ၌လည်း သင်၏ အလုပ်သမား များအတွက် မှန်ကန်ခြင်း၊ ဖောက်သည်များအတွက် မှန်ကန်ခြင်း၊ ကမ္ဘာလောကကြီးအတွက် မှန်ကန်ခြင်း ဖြစ်ပါသည်။

ယင်းနှင့် ဆန့်ကျင်စွာပင် မှားယွင်းသောအမြင်ဖြင့် ရှေးရှုနေသော ခေါင်းဆောင်မှုကြောင့် ကုမ္ပဏီ တစ်ခုလုံး ရစရာ မရှိလောက်အောင် ပျက်စီး ယိုယွင်း၍ ဒေဝါလီ ခံရသည်အထိ ဖြစ်နိုင်ပါသည်။ ယနေ့ အမေရိကားတစ်ခွင်မှ ကော်ပိုရေးရှင်းကြီးများကို ကြည့်ပါ။ မှားယွင်း သော အမြင်နှင့် ခေါင်းဆောင်မှုကြောင့် ငွေရေးကြေးရေးနှင့် စိတ်ပိုင်း ဆိုင်ရာ ဆုံးရှုံးမှုများ တွေ့နေကြရသည်။ အမှုဆောင်အရာရှိများအနေ

mgyoe.com

mgyoe.com SAMPLE BOOK

နှင့် ဘောနပ်စ်နှင့် အမြတ်အစွန်းများ ဖောဖောသီသီ ရနေကြသည်မှာ ရေတိုအတွက် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း ရေရှည်တွင်မူ ၎င်းတို့၏ အစွမ်းအစနှင့် နည်းဗျူဟာများ မည်မျှ အားကောင်းသည် ဖြစ်စေ မှန်ကန်သော အမြင် မရှိသမျှ ကာလပတ်လုံး အချည်းနှီးသာ ဖြစ်ပါသည်။

ဆုံးရှုံးရမှာကို ကြောက်ခြင်း သို့မဟုတ် ရောင့်ရဲတင်းတိမ်မှု မရှိခြင်း စသည့် အမူအကျင့်များမှာ အတ္တ၌ အကြောင်းခံ ဖြစ်ပေါ်လာပါသည်။ သင့်ကိုယ်သင် အိပ်မက်အားလုံး၏ အရှင်သခင်အဖြစ် နေရာပေးလိုက်ခြင်းဖြင့် မှားယွင်းသော အမြင်ကို စတင် ဖိတ်ခေါ်လိုက်ပါသည်။ ငါဟူသော အတ္တကို ဗဟိုပြု တွေးတောရာမှ မရိုးသားသော၊ မမှန်မကန်သော သုစရိုက်များ စတင်ဖြစ်ထွန်းလာတတ်ပြီး နောက်ဆုံးတွင် တစ်ခုလုံး၊ တစ်ဖွဲ့လုံး၏ ပျက်စီးမှုဆီ တဖြည်းဖြည်း ဦးတည်သွားတတ်ပါသည်။ အချို့ ကုမ္ပဏီများမှာ အောင်မြင်မည့် အလားအလာကောင်းများ ဖောဖောသီသီ ရှိပါလျက် ပြိုကျ ပျက်စီးသွားရသည်မှာ မှားယွင်းသော ခေါင်းဆောင်မှုကြောင့် ဖြစ်သည်။ ငါကို ဗဟိုပြုလျက် မျှော်မှန်းချက်တို့ကို စွန့်ပစ်ထားသော ခေါင်းဆောင်မှု ဖြစ်သည်။

ဆိုခဲ့သလို မှားယွင်းသော ခေါင်းဆောင်မှုကြောင့် အထိနာခဲ့သော သာဓကတစ်ခုကို ပြပါဆိုလျှင် ဒစ္စနေ ကော်ပိုရေးရှင်းကြီးကို လေ့လာနိုင်သည်။ ဒစ္စနေ ကော်ပိုရေးရှင်းကြီးကား ကမ္ဘာနှင့်ချီသော ဖျော်ဖြေရေး ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး ကာတွန်းပညာရှင်ကြီး ဒစ္စနေ တည်ထောင်ခဲ့သည်။ ဒစ္စနေ၏ မူလရည်ရွယ်ချက်မှာ ဖြေဖျော်ရေးအတွက် ဖြစ်သည်။ လူတွေကို ပျော်ရွှင်စေဖို့ ဖြစ်သည်။ အဆိုပါ ရည်ရွယ်ချက်ကြောင့်ပင် ကမ္ဘာတွင် အောင်မြင်မှုလည်း ရှိသည်။ ဒစ္စနေ ဖန်တီးလိုက်သည့် ကာတွန်းဇာတ်ကောင်လေးများမှာ ပရိသတ်တို့အတွက် တကယ် အသက်ဝင်လာသည်။

သို့တိုင် ဒစ္စနေ ကွယ်လွန်ပြီးနောက် မျိုးဆက်တစ်ဆက် လက်ထက် ရောက်လာချိန်တွင်မူ ပထမ မျှော်မှန်းချက်ကို စွန့်လွှတ်လိုက်ပြီး ကော်ပို

mgyoe.com

mgyoe.com SAMPLE BOOK

ရေးရှင်း ထိပ်ပိုင်းမှ အမှုဆောင်အရာရှိအချို့ ကောင်းစားရေးအတွက်သာ ဦးတည်လာသည်။ ကော်ပိုရေးရှင်း ထိပ်ပိုင်းအရာရှိတို့၏ ပိုက်ဆံအိတ်များ ပြည့်ဖောင်းလာသည်နှင့်အမျှ ကုမ္ပဏီ အမြတ်အစွန်းကလည်း ကျဆင်းလာသလို ရှယ်ယာဝင်များဘက်ကလည်း တွန့်ဆုတ်လာကြသည်။ နောက်ဆုံးတွင် ဦးဆောင်သူ လူအနည်းငယ်တို့၏ အတ္တစွဲကပင် ကုမ္ပဏီ၏ ဖန်တီးနိုင်စွမ်းကို သတ်ပစ်လိုက်ပြီး၊ နောက်ပိုင်းတွင်မူ ကုမ္ပဏီတစ်ခုလုံး၏ ကျဆုံးမှုသို့ ဦးတည်သွားတော့သည်။ သို့တိုင် ဒေဝါလီခံရဆဲဆဲတွင် စီအီးအိုနှင့် အခြားအရာရှိများအား နုတ်ထွက်ပေးဖို့ တောင်းဆိုကြပြီး ကုမ္ပဏီ၏ ခေါင်းဆောင်မှုအပိုင်းကို ပြန်လည်သုံးသပ်ကြသည်။ အဓိက မျှော်မှန်းချက်များကို ပြန်လည်ပြင်ဆင်ခဲ့ကြသည်။ ယနေ့ဆိုလျှင် ဒစ္စနေ ကော်ပိုရေးရှင်းကြီးကား မူလနေရာမှာပင် အခြေအနေမပျက်တည်ရှိနေပြီး တီထွင် ဆန်းသစ်မှု အပြည့်အဝ ရှိသော ကုန်ပစ္စည်းများကို ထုတ်လုပ်၍ အင်အား တောင့်တင်း ခိုင်မာလျက်ရှိသည်။

ငါ ဟူသော ဗဟိုချက်မှ အခြားသူများသို့ ပြောင်းရွှေ့လိုက်ခြင်းမှာ ရိုးရှင်းလှသော အပြောင်းအလဲတစ်ခု ဖြစ်ပါသည်။ သို့တိုင် ဤသို့ ပြောင်းယူလိုက်ခြင်းနောက်တွင်မူ လုံးဝခြားနားသော အမြင်မှ အောင်မြင်မှုများကို စတင်တွေ့ရှိလိုက်ခြင်း ဖြစ်ပါသည်။ ခေါင်းဆောင်မှု ဆိုင်ရာ သင်၏ ရည်မှန်းချက်များထဲတွင် ဝန်ထမ်းများသာမက ဖောက်သည်များ၊ ရှယ်ယာကိုင်ဆောင်သူများနှင့် ပတ်ဝန်းကျင်လောကတစ်ခုလုံး၏ စိတ်ဝင်စားမှုများပါမကျန် အားလုံးကို ထည့်သွင်းစဉ်းစားဖို့ လိုပါသည်။ ဤသို့ ရှုမြင်လိုက်ခြင်းသည် ကုမ္ပဏီအတွင်းမှ ဝန်ထမ်းများ၏ ဉာဏ်ပညာနှင့် သင့်ကို ချိတ်ဆက်ပေးလိုက်ပြီး ကြီးကျယ်မြင့်မြတ်ရာသို့ ဦးတည်နေသည့် လမ်းကို ပြဋ္ဌာန်းပေးလိုက်ပါသည်။ သို့တိုင် ကြီးကျယ် မြင့်မြတ်ခြင်းကား လုပ်ခနှင့် အသားတင် တန်ဖိုးများမှ ကျော်လွန်နေသော ကြီးကျယ်မြင့်မြတ်မှု ဖြစ်ပါသည်။

ဝန်ထမ်းနှင့် စားသုံးသူ/ဖောက်သည်တို့၏ လိုအပ်မှုများကို ဦးဆုံးရှေ့တန်းတင်၍ ရက်ရောခြင်းစေတနာ၏ အကျိုးအမြတ်တို့ကို

mgyoe.com

mgyoe.com



SAMPLE BOOK

သက်သေပြခဲ့သူမှာ ကော့စကိုမှ စီအီးအို ဂျင်ဆင်နီဂေါ် ဆိုသူ ဖြစ်သည်။ ကော့စကိုမှာ ကမ္ဘာ့အကြီးဆုံး လက်လီအရောင်းဆိုင် လုပ်ငန်းကြီးတစ်ခု ဖြစ်သည်။ သူ၏ အင်္ကျီပေါ်တွင် 'ဂျင်' ဟု ဖော်ပြထားသော သင်္ကေတ တံဆိပ်ကို တပ်ဆင်ထားသည်။ သူ့လက်အောက်တွင် ဝန်ထမ်းပေါင်း ၄၀၀၀ ရှိပြီး အားလုံးက သူ့ကို 'ဂျင်' ဟု ခေါ်၍ ရင်းရင်းနှီးနှီး ဆက်ဆံကြသည်။ သူ့တွင် ကော်ပိုရိတ်တို့၏ အဆောင်အယောင်မျိုး မရှိ။ သူကိုယ်တိုင် တစ်နှစ်အတွက် လစာဒေါ်လာ သုံးသိန်းခွဲ ယူသည်။ အဆိုပါ ပမာဏမှာ ကော်ပိုရိတ် စီအီးအိုများ သန်းနှင့်ချီ ရရှိနေသော ငွေ၏ သေးငယ်သော အစိတ်အပိုင်း တစ်ခုမျှသာဖြစ်သည်။

သူ့အား ဝေဖန်ပြစ်တင်မှုများ ရှိသော်လည်း ဂျင် ဟူသော စီအီးအို ကား မတုန်မလှုပ်။ စီးပွားရေး ကျဆင်း၍ အခြားကုမ္ပဏီများက အလုပ်သမားများကို ထုတ်ပစ်နေချိန်တွင် သူ့ဝန်ထမ်းများကို ဗိုလ်နေမြဲ ကျား နေမြဲ ဆက်လက်ထားသည်။ ဝန်ထမ်းများအတွက် တန်ဖိုးတစ်ခု ပေးခိုင်းမည့် ကုမ္ပဏီတစ်ခုကို ဖန်တီးသည်။ ဤသည်ပင် ဂျင်၏အမြင်ဖြစ်သည်။

နယူးယော့ခ်တိုင်းမ် သတင်းစာတွင် ရေးသားခဲ့သော ဆောင်းပါး တစ်စောင်၌ ဂျင်က သူ့အမြင်ကို ဤသို့ဖော်ထုတ်ခဲ့သည်။

"ဝေါလ်လမ်းမက ဒီနေ့နဲ့ လာမယ့် အင်္ဂါနေ့ကြားမှာ ပိုက်ဆံရှာတဲ့ အလုပ်ကိုလုပ်တယ်၊ ကျွန်တော်တို့ကတော့ အဖွဲ့အစည်းတစ်ခုကို တည် ဆောက်တဲ့ အလုပ်ကို လုပ်ပါတယ်၊ အဲဒီ အဖွဲ့အစည်းဟာ နှစ်ပေါင်း ၅၀ ခံဖို့ မျှော်လင့်ပါတယ်၊ လုပ်ခကို မျှတစွာ ပေးကမ်းပြီး သူတို့နဲ့အတူ လက်ရေတစ်ပြင်တည်း အလုပ် လုပ်တာဟာ ကောင်းမွန်တဲ့ လုပ်ငန်း တစ်ခု ဖြစ်ပါတယ်"

အမှန်တကယ်လည်း စီအီးအို ဂျင်တစ်ယောက် သက်သေပြခဲ့သည့် အချက်မှာ အခြားမဟုတ်ပါ။ ကုမ္ပဏီတစ်ခုအနေဖြင့် အောင်မြင်မှု အတွက် လောဘကြီးစရာမလို။ ကရုဏာတရားထား၍ မိမိ၏ မှန်ကန် သော အမြင်ကို စွဲကိုင်ထားခြင်းသည်ပင် ငွေကြေးအကျိုးအမြတ်များ ဖြစ်ထွန်းနိုင်သည် ဟူသော အချက်ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မှန်ကန်သော အမြင်ကို တည်ဆောက်ခြင်း

သမ္မာဒိဋ္ဌိအမြင်ရှိခြင်းသည် မှန်ကန်သော ခေါင်းဆောင်မှုအတွက် ဦးဆုံး ခြေလှမ်းဖြစ်သည်နှင့်အညီ သင်၏ အဇ္ဈတ္တနှင့် ဗဟိဒ္ဓ သို့မဟုတ် အတွင်း အပြင် ဆက်သွယ်မှုအတွက်လည်း အခြေခံအုတ်မြစ်ကို ဖွဲ့စည်းပေး တတ်ပါသည်။

ကျွန်ုပ်၏ ကုမ္ပဏီ *(Creative Event Marketing)*ကို ဖွဲ့စည်းစဉ်က ကျွန်ုပ်၏ အမြင်မှာ ကျွန်ုပ်၏ ဝန်ထမ်းများ၊ ဖောက်သည်များနှင့် လုပ်ဖော်ကိုင်ဖက် အားလုံးအတွက် ဝန်ဆောင်မှုပေးဖို့ ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုမှာ အပြုသဘောဆောင်သော နည်းနာ နိဿယများ ဖြစ်ရမည်။ ပညာနှင့်ယှဉ်သော ဝန်ဆောင်မှု ဖြစ်ရမည်။ သူတို့ မျှော်လင့်ထားသည်ထက် ပိုမိုသော အကျိုးအမြတ်များ ဖြစ်ထွန်း စေရမည်။ အဆိုပါ လုပ်ငန်းကို အောင်မြင် ပြီးမြောက်ရန်အတွက် လုပ်ငန်းအသီးသီးမှ ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို ခိုင်မာအောင် တည်ဆောက်ရမည်။ ဖောက်သည်များနှင့် အပြန်ပြန် အလှန်လှန် ဆက်သွယ်ရသည်။ ဤနည်းဖြင့် ကျွန်ုပ်တို့ဘက်မှ ဟာကွက်၊ ပျော့ကွက်များ မရှိလောက်အောင် ပြင်ဆင်ခဲ့ရသည်။

အဆိုပါ မဟာဗျူဟာကပင် ဝန်ထမ်းများအတွက် ကိုယ့်တာ ကိုယ် လုံသည့် စိတ်ဓာတ်များ ပေးအပ်ခဲ့သလို ဈေးကွက်၏ အလှုပ်အယမ်း တို့ကို တောင့်ခံနိုင်ပြီး ငွေကြေးတည်ငြိမ်မှုကို ရေရှည်ထိန်းနိုင်ခဲ့ပါသည်။ အလားတူ အဆိုပါအမြင်ကြောင့်ပင် တီထွင် ဆန်းသစ်သော ကုန်ပစ္စည်း များ ထုတ်လုပ်နိုင်မည့် ပတ်ဝန်းကျင်ကောင်းတစ်ခု ကုမ္ပဏီအတွက် ရရှိလာပြီး လုပ်ငန်းတစ်ခုလုံး ကြီးထွား ဖွံ့ဖြိုးလာခဲ့သည်အထိ ဖြစ်ပါ သည်။ နောက်ဆုံးတွင် ကျွန်ုပ်၏ ကုမ္ပဏီကို ကမ္ဘာလုံးချီ *Marketing* ကုမ္ပဏီကြီးတစ်ခုဖြစ်သော *Interpublic Group* သို့ ရောင်းချခဲ့သည်။

ဤ၌ အချက်အလက် ငါးချက် ဖော်ပြလိုက်ပါသည်။ အဆိုပါ ငါး ချက်ဖြင့် သင့်ကုမ္ပဏီ၏ အမြင်များ ထိရောက်မှု ရှိ မရှိ တိုင်းတာနိုင် ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

**မစ်ရှင်။** သင့်ကုမ္ပဏီကို မှန်မှန်ကန်ကန် ရှုမြင်နိုင်ရန် စနစ်တကျ နေရာချထားသော မစ်ရှင်ရှိပါသလား။

**မူဝါဒများ။** သင်၏ ဝန်ထမ်းများနှင့် ဖောက်သည်များအတွက် အကောင်းဆုံး အကျိုးကျေးဇူးရှိစေမည့် မဟာဗျူဟာများနှင့် မူဝါဒများ ရှိမရှိ ဆန်းစစ်ကြည့်ပါ။ မရှိလျှင် မည်သည့်အတွက် မရှိရကြောင်း အဖြေရှာကြည့်ပါ။

**ဈေးကွက်နေရာ။** ဈေးကွက်ထဲတွင် သင့်ကုမ္ပဏီ မည်သည့်နေရာတွင် ရောက်ရှိနေသလဲ၊ ဆိုင်ရာနယ်ပယ်တွင် ခေါင်းဆောင်အဖြစ် သတ်မှတ်ခံရသလား။ အရွယ်အစား မည်သို့ပင် ရှိစေကာမူ ကမ္ဘာလောကကို အကောင်းဘက်မှ အကျိုးပြုနေသည်ဟု ရှုမြင်နေကြသလား၊ မဟုတ်ဟုဆိုလျှင် ဘာကြောင့်များပါလဲ။

**ထုတ်ကုန်နှင့်ဝန်ဆောင်မှု။** သင်၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုသည် လောကကောင်းကျိုး ဆောင်ပါရဲ့လား။

**လုပ်ခွင်ပတ်ဝန်းကျင်။** သင်၏ လုပ်ငန်းခွင် အနေအထားသည် ဝန်ထမ်းများ စိတ်အားသန်သန်နှင့် အလုပ်ကောင်းကောင်း လုပ်နိုင်လောက်အောင် စိတ်ဓာတ်နိုးကြား တက်ကြွမှုလည်း ပေး၊ ဖန်တီးနိုင်စွမ်းလည်း ရှိလာ၊ စိုးရိမ် ကြောက်ရွံ့မှုလည်း ကင်းဝေးသော ပတ်ဝန်းကျင်မျိုး ဖြစ်ပါသလား။ သင့်ဝန်ထမ်းများသည် သူများနှင့် မတူအောင် လုပ်ဆောင်မည် ဆိုသော စိတ်မျိုး ဖြစ်နေကြသလား။

သင့်ကုမ္ပဏီကို စဉ်ဆက်မပြတ် အကဲဖြတ်နေဖို့ လိုမည်ဖြစ်သလို အထက်ပါအချက်ငါးချက်ကလည်း အမှန်တကယ်ဖွံ့ဖြိုးတိုးတက်မှု ရှိမရှိ တိုင်းတာနေရမည့် စံများလည်း ဖြစ်ပေသည်။ ဤသည်မှာ လွယ်ကူသော အလုပ်တော့ မဟုတ်ပါ။ သို့သော် ဤသို့ဆောင်ရွက်ပေးခြင်းဖြင့် သင့်ကုမ္ပဏီ နောက်တစ်ဆင့် မြင့်တက်သွားစေမည့် အခြေခံကို သင်တည်ဆောက်ပေးနိုင်ပါသည်။ အတိုချုပ် ဆိုရလျှင် သင်၏ အတွေးအမြင်၊

mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်အကိုင်တို့သည် သေတ္တာထဲမှ ဖောက်ထွက်လာပြီး အရေးပါသော အချက်များကိုသာ ပြောင်းလဲ ရှုမြင်လာနိုင်ပေလိမ့်မည်။

## လက်တွေ့နမူနာ *(Case Study)*

## စတားဘတ်ခ် ကော်ဖီလုပ်ငန်း *(STARBUCKS)*

၁၉၈၁ ခုနှစ်တွင် စတားဘတ်ခ် ကော်ဖီလုပ်ငန်း၏ အဓိက ရည်ရွယ်ချက်မှာ အကောင်းဆုံး ကော်ဖီစေ့များကို ရွေးချယ်၍ ရောင်းချခြင်းဖြစ်သည်။ သို့တိုင် လုပ်ငန်းအရ အရည်အသွေးကို တစ်ဖက်မှ ထိန်းထားသော်လည်း ကမ္ဘာအနှံ့ လုပ်ငန်းချဲ့ထွင်ရေးနှင့် ဖွံ့ဖြိုးကြီးထွားမှုအတွက် လိုအပ်သော အမြင်တစ်ခုကား ချို့ယွင်းလျက် ရှိသည်။ ကုမ္ပဏီ၏ မားကက်တင်းနှင့် အော်ပရေးရှင်း ဒါရိုက်တာဖြစ်သော ဟောင်းဝပ်ဒ်ရှုဇ် က ကုမ္ပဏီ၏ လုပ်နည်းကိုင်နည်းတို့ကို ပြောင်းလဲပစ်လိုသည်။ သို့တိုင် ကုမ္ပဏီပိုင်ရှင်ကား လှေကြီးထိုးရိုးရိုး လမ်းဟောင်းအတိုင်း သွားချင်သူ။

သို့ဖြင့် မိမိအမြင်တို့ကို ဖန်တီးဖို့ ကုမ္ပဏီမှ ဟောင်းဝပ်ဒ် နုတ်ထွက်လိုက်သည်။ ၁၉၈၁ ခုနှစ်တွင် စတားဘတ်ခ်ကို ဒေါ်လာ ၃. ၈ သန်းဖြင့် ဝယ်ယူလိုက်သည်။ ပြီးနောက် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌနှင့် စီအီးအို ဖြစ်လာသည်။ ၂၀၀၆ ခုနှစ်တွင် ကုမ္ပဏီ၏ စုစုပေါင်း ရောင်းအားမှာ ၄. ၁ ဘီလျံအထိ တက်လာသည်။ ဤသို့ တစ်ဖက်မှ လုပ်ငန်း အောင်မြင်မှုများ ရရှိနေသည့်တိုင် တစ်ဖက်မှလည်း သူ၏ ကုမ္ပဏီမှာ ကမ္ဘာ့အကောင်းဆုံး ကော်ဖီစေ့များ တင်ပို့ ရောင်းချသည့် ထိပ်တန်း ကုမ္ပဏီကြီးတစ်ခု ဖြစ်လာခဲ့ရသည်။

ဟောင်းဝပ်ဒ် ရှုဇ်တွင် ကိုယ်ပိုင်မူ ခြောက်ခုရှိသည်။ သူ ကျင့်သုံးသော အခြေခံမူများမှာ တင်းကျပ်သည်ဟု ဆိုနိုင်သည်။ သို့သော် သူ့အမြင်ကို ထိုမူများဖြင့် ကွပ်ညှပ်ဖွဲ့စည်းပေးထားပြီး ဦးဆောင်သူများ၏ ဆုံးဖြတ်ချက်များ မှန်ကန် သင့်မြတ်မှု ရှိမရှိကို တိုင်းတာရန် အဆိုပါ အခြေခံမူများက အထောက်အကူပေးသည်။ ၎င်းတို့မှာ -

mgyoe.com

mgyoe.com
SAMPLE BOOK

၁။ အလုပ်ခွင်ကို ပြည့်စုံအောင် ပံ့ပိုးပါ။ တစ်ဦးနှင့်တစ်ဦး လေးစားမှုဖြင့် ဆက်ဆံပါ။

၂။ ကျွန်ုပ်တို့ စီးပွားရှာရာ နည်းလမ်းတွင် အဓိက အစိတ်အပိုင်းတစ်ခုအနေနှင့် မတူခြားနားမှုများကို ကြိုဆိုပါ။

၃။ ကော်ဖီစေ့များ ဝယ်ယူရာတွင်လည်းကောင်း၊ ထုတ်လုပ်ရောင်းချရာတွင်လည်းကောင်း အဆင့်မြင့်ဆုံး စံချိန်စံညွှန်းများဖြင့် လုပ်ကိုင်ပါ။

၄။ မည်သည့် အချိန်အခါဖြစ်စေ ဖောက်သည်များ၏ စိတ်ချမ်းသာမှုကို ဦးစားပေးပါ၊ မြှင့်တင်ပါ။

၅။ ကျွန်ုပ်တို့ အသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်အပေါ် အကောင်းမြင်ဖြင့် လုပ်ကိုင်ပါ။

၆။ အနာဂတ် အောင်မြင်မှုအတွက် အမြတ်အစွန်းသည် အဓိကဖြစ်ကြောင်း အသိအမှတ်ပြုပါ။

လက်လီဈေးကွက်တွင် ယခင်က မရှိဖူးသော အလေ့အထများကို ဦးဆုံး ကျင့်သုံးခဲ့သည့်အတွက်လည်း ကုမ္ပဏီဝန်ထမ်း အားလုံးက သူ့အပေါ် ယုံကြည်မှုရှိသည်။ တစ်ပတ်လျှင် အနည်းဆုံး နာရီ ၂၀ အလုပ်လုပ်သော အလုပ်သမားများနှင့် ယင်းတို့၏ မိဘများကို အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးသည်။ ထို့ပြင် *stock option plan* ကို သူ့ကုမ္ပဏီတွင် စတင် ကျင့်သုံးသည်။ အဆိုပါ စီမံကိန်းအရ လုပ်ခ နည်းပါးမှုများရှိသော်လည်း အလုပ်သမားများအတွက် စိတ်ချ တည်ငြိမ်မှု ရှိလာသလို ကုန်ထုတ်စွမ်းအား မြင့်တက်လာသည်။

မှန်သောအမြင် ရှိခြင်းသည် ကုမ္ပဏီအတွက် ငွေကြေးအောင်မြင်မှုများကိုသာ ရရှိခဲ့သည် မဟုတ်၊ ဝန်ထမ်းတို့၏ စာရိတ္တဗလကို မြှင့်တင်ပေးသည်။ အပြန်အလှန်အားဖြင့် စားသုံးသူဈေးကွက် တစ်ခုလုံးကလည်း ကုမ္ပဏီ အမှတ်တံဆိပ်အပေါ် ယုံကြည်မှု ရှိလာသည်။ သို့ဖြစ်၍ ရောင်းအားမှာလည်း တစ်နှစ် ပျမ်းမျှ ၂၀ မှ ၂၅ ရာနှုန်းအထိ မြင့်တက်

mgyoe.com

mgyoe.com SAMPLE BOOK

လာသော အများပိုင် ကုမ္ပဏီကြီးတစ်ခု ဖြစ်လာတော့သည်။ သို့ဖြင့် ဟောင်းဝပ်ဒ် ရှုဇ်အား ခင်ဗျားရဲ့ အောင်မြင်မှု သော့ချက်ကို ပြောပါဟု မေးမြန်းသည့်အခါ သူက ဤသို့ ဆိုခဲ့သည်။

"ဘယ်အရာကိုပဲဖြစ်ဖြစ် အပေးအယူ လုပ်နိုင်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ အဓိက တန်ဖိုးတွေကိုတော့ မလုပ်ပါနဲ့"

## အမြင်တစ်ခု တည်ဆောက်ခြင်း

အနာဂတ် မျှော်မှန်းချက် သို့မဟုတ် အမြင်တစ်ခုကို သိမြင်၍ ယုံကြည်လိုက်သည်နှင့် မမေ့မလျော့ဘဲ နိုးကြားသော သတိကို သင့်ဘက်မှ စိုက်ပျိုးလိုက်ပြီ ဖြစ်သည်။ ထို့နောက်တွင်မူ ထူးခြား ဆန်းကြယ်သော စွမ်းအားများက သင်နှင့် သင့်အဖွဲ့အစည်းကို နောက်ထပ် အဆင့်တစ်ဆင့်သို့ တွန်းတင် အားပေးလိုက်တော့သည်။

အမြင်တစ်ခုကို တည်ဆောက်ခြင်းမှာ သင်၏ ဉာဏ်စွမ်းဉာဏ်စတို့ကို ခွဲခြားသတ်မှတ်ရန်အတွက် အဇ္ဈတ္တအတွင်းသို့ ချင်းနင်းဝင်ရောက်ခြင်းဖြစ်သည်။ အမှန်အားဖြင့် စတားဘတ်ခ်မှ ဝန်ထမ်းများ ထုတ်လုပ်ဖြန့်ချိနေသည်မှာ ကော်ဖီစေ့သက်သက် မဟုတ်ပါ။ သူတို့ဖောက်သည်များအတွက် မှီခိုအားထားနိုင်လောက်သည့် အတွေ့အကြုံသစ်တစ်ခုကို ထုတ်လုပ်ပေးနေခြင်းဖြစ်သည်။ သူတို့ ကမ်းလှမ်းလိုက်သည့် ဝန်ဆောင်မှုနှင့် ထုတ်ကုန်အရည်အသွေး ဟူသော အမြင်က သူတို့ကို မောင်းနှင်ရွေ့လျားနေခြင်း ဖြစ်သည်။ ထိုအမြင်ကြောင့်ပင် သူတို့ အဇ္ဈတ္တအတွင်းမှ ဗုဒ္ဓသဘာဝနှင့် သူတို့အလုပ်ကို တွဲဖက်၍ သဘောပေါက်လာသည်။

ကော်ပိုရိတ် မန်နေဂျာများအနေဖြင့် သူတို့ အဇ္ဈတ္တသန္တာန်တွင်လည်း ဤသို့သော ကိုင်းညွတ်မှုများ ရှိနေသည်ကို လက်ခံနိုင်ပါသည်။ စီးပွားရေးသမား အတော်များများမှာ တစ်နေ့တာ၏ ၇၀ ရာနှုန်းသော အချိန်ကို အလုပ်နှင့်သာ နပန်းလုံးရင်း ကုန်နေသည်က များပါသည်။ သို့တိုင် အများစုကား တက်တက်ကြွကြွ ထက်ထက်သန်သန် ရှိကြသည်



mgyoe.com

mgyoe.com SAMPLE BOOK

တော့ မဟုတ်။ မလုပ်မဖြစ် ဝတ္တရားကြီးတစ်ခုလို လုပ်နေခြင်းဖြစ်သည်။ သို့တိုင် ကြည်လင် ပြတ်သားသော အမြင်တစ်ခု ရှိနေလျှင်မူ သင်၏ ခေါင်းဆောင်မှု အရည်အသွေးများကို တစ်မုဟုတ်ချင်း ဖော်ထုတ်နိုင်ပါသည်။ သင့်ကိုယ်သင် အောက်ပါ မေးခွန်းများကို မေးကြည့်ပါ။

၁။ သင်၏ ဉာဏ်စွမ်းဉာဏ်စများက အဘယ်နည်း၊

၂။ သင်၏ ပုဂ္ဂလိက အသက်မွေးမှုအတွက် မျှော်မှန်းချက်က အဘယ်နည်း၊

၃။ သင့်ကုမ္ပဏီ၏ မျှော်မှန်းချက်က အဘယ်နည်း၊

၄။ ကုမ္ပဏီ၏ မျှော်မှန်းချက်ကို သင်၏ ပင်ကို အသိဉာဏ်နှင့် မည်သို့ သဘောပေါက် နားလည်ပါသလဲ။

အထက်ပါ မေးခွန်းများမှာ တစ်မဟုတ်ချင်း ဖြေဆိုရမည့် မေးခွန်းဖြစ်စဉ်များ ဖြစ်သော်လည်း ဖြေဆိုသူ အများစုမှာ ချောချောမောမော ရှိကြသည် မဟုတ်ပါ။ ရေတိုအကျိုးအမြတ်ကိုသာ အဓိက ရည်မှန်းတတ်ကြသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများ၏ တင်းကျပ်သော အကန့်အသတ်များကြောင့် ဆွံ့အ နေတတ်သည်။

ဥပမာ ကမ္ဘာ့ဦးဆောင် အဖျော်ယမကာ ကုမ္ပဏီကြီး တစ်ခု၏ ဈေးကွက်မန်နေဂျာ မတ်ခ်ကို ကြည့်ပါ။ သူသည် သစ္စာရှိသည်၊ ဉာဏ်ရည်ထက်မြက်သည်။ မိမိကုမ္ပဏီ၏ အမှတ်တံဆိပ်ကို ထိပ်ဆုံးရောက်ဖို့ နေ့စဉ် ကြိုးစားသည်။ ဈေးကွက်နှင့် သူ၏ အားထုတ်မှုမှာ တိုက်ရိုက် ပတ်သက်နေသည့်အတွက် အကောင်းဆုံး အိုင်ဒီယာများကို ဖန်တီးနိုင်ခဲ့သည်။ သို့ဖြင့် ရောင်းအားကို တိုက်ရိုက် အကျိုးသက်ရောက်ပြီး ကုမ္ပဏီ ရှယ်ယာ ကိုင်ဆောင်သူများကို ဆွဲဆောင်ယူနိုင်ခဲ့သည်။

ကုမ္ပဏီအတွက် မတ်ခ်မှာ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးလှသည်။ သို့တိုင် အနှစ် ၂၀ မျှ အလုပ်လုပ်ခဲ့ပြီးသည့်တိုင် ကုမ္ပဏီအတွင်းတွင် သူ့အရည်အချင်းကို သတိထားမိသူ အနည်းငယ်သာ ရှိသည်။ လုပ်ငန်းနှင့် ပတ်သက်သည့် အရေးပါသောကိစ္စများကို ကုမ္ပဏီ၏ အမှု

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင် အရာရှိများ၊ ဒါရိုက်တာအဖွဲ့ဝင်များကသာ ဆွေးနွေးညှိနှိုင်းတတ်ကြပြီး အောက်ခြေနှင့် အဆက်ဖြတ်ထားသည်။ ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် တစ်စုံတစ်ရာ ဖန်တီးနိုင်ခဲ့သော ဝန်ထမ်းတို့ကို နေရာမပေး၊ နောက်ကွယ်၌သာ ချောင်ထိုးထားသည် သို့တည်းမဟုတ် အနည်းငယ်သာ အသိအမှတ်ပြုတတ်သည်။

သို့ဖြင့် နောက်ဆုံးတွင် မတ်ခ်တစ်ယောက် အလုပ်မှ နုတ်ထွက်လိုက်ပြီး အလားအလာရှိသော ကုမ္ပဏီတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်သည်။ ယခု ကုမ္ပဏီက သူ၏ အမြော်အမြင်၊ ဉာဏ်ရည်ဉာဏ်သွေးတို့ကို အသိအမှတ်ပြုသည်၊ နေရာပေးသည်။ အထက်တန်း စီမံခန့်ခွဲမှုအဖွဲ့တွင် ဝင်ရောက်လုပ်ကိုင်စေသည်။ ယနေ့ဆိုလျှင် အမှုဆောင်အရာရှိ စားပွဲတွင် ထိုင်၍ *Branding Team* (ကုန်အမှတ်တံဆိပ် မြှင့်တင်တည်ဆောက်ရေး အဖွဲ့) ကို ညွှန်ကြားနေသော မတ်ခ်ကို တွေ့နေရသည်။ အမြင်သစ်ဖြင့် ကုမ္ပဏီ၏ ထုတ်ကုန်များကို ကြည့်နိုင်သော တီထွင်ဆန်းသစ်လိုသူတို့ကို စုဆောင်းလျက်ရှိသည်။

ဝန်ထမ်းတို့၏ ဆန်းသစ်သော စိတ်ကူးစိတ်သန်းတို့ကို ပွင့်ပွင့်လင်းလင်း မြေတောင်မြှောက်ပေးနိုင်မည့် ပေါ်လစီများကို ကျင့်သုံးပါ။ အပြန်အလှန်အားဖြင့် ရှင်သန်တက်ကြွနေသော ပတ်ဝန်းကျင်ကောင်း တစ်ခုဖြစ်ထွန်းလာမှာဖြစ်ပြီး အဆိုပါ ပတ်ဝန်းကျင်က သင့်ကုမ္ပဏီကို မှန်ကန်သော အသိပညာဖြင့် ထုံမွှမ်းထားသော သွက်လက်ထိရောက်မှု ရှိသည့် အဆင့်သို့ ပြောင်းလဲပေးလိမ့်မည် ဖြစ်ပါသည်။ သို့တိုင် ဆိုခဲ့သလို အခင်းအကျင်း ကောင်းမွန်သော အလုပ်ခွင်မျိုးကို ပန္နက်ချဖို့ရာအတွက် ဆန်းသစ်သော အနာဂတ် မျှော်မှန်းချက်များရှိဖို့ လိုပါသည်။ သင်နှင့်အတူ သင်၏ ဝန်ထမ်းများအနေဖြင့် အဆိုပါ အမြင်တို့ကို နှလုံးသွင်းဖို့ရန် အလေ့အကျင့်တစ်ခု ဦးစွာ လိုအပ်လိမ့်မည်ဖြစ်ပါသည်။

အဆိုပါ အလေ့အကျင့်ကား သင့်စိတ်ကို လွတ်လပ်မှုပေးလိုက်သည့် အလေ့အကျင့် ဖြစ်သည်။ အလွန်ပင် ရိုးစင်းသော အလေ့အကျင့်ဖြစ်သည့်အလျောက် သင်၏ ပြိုင်ချင်စိတ်၊ အနိုင်ယူလိုစိတ်တို့ကို သိမ်မွေ့

mgyoe.com

mgyoe.com
SAMPLE BOOK

နူးညံ့စေပါသည်။ နေ့စဉ် အပြုအမူများမှ လွတ်မြောက်၍ ဗဟိဒ္ဓ ပြောင်းလဲမှုများကို အလျင်အမြန် ဖြစ်ပေါ်စေပါသည်။

## မှန်ကန်သော အမြင်အတွက် အလေ့အကျင့်တစ်ခု

ပင်လယ်ပြင်ကိုကြည့်ပြီး အစိတ်စိတ် အမြွာမြွာ ပြိုကွဲသွားသော လှိုင်း ခေါင်းဖြူများကို အသေအချာ အာရုံပြုဖူးပါသလား။ ကြေမွသွားသော လှိုင်းများကား မိုးကုပ်စက်ဝိုင်းကြီးမှ တဖြည်းဖြည်း ဝေး၍ ဝေး၍သွား လေပြီ။ အလားတူ အတွင်းမှ အလုပ်သမားတို့၏ ဒုက္ခပရိဒေဝများ၊ သူဖြုတ် ကိုယ်ဖြုတ် အပြိုင်ကြဲကြသည့် တိုက်ခိုက်မှုများ၊ အခြားအခြား သော ပြိုလဲပျက်စီးမှုများ စသဖြင့် လှိုင်းခေါင်းဖြူများသဖွယ် နိမ့်ချီမြင့်ချီ ရှိနေသော အဖြစ်အပျက်များက ကြည်လင်သော အမြင်ကို အနှောင့် အယှက် ဖြစ်စေပါသည်။

နေ့စဉ် အခြေခံ အကြောင်းတရားများအပေါ် သက်ရောက်လာ တတ်သည့် ဖိအားများကြားမှ မှန်ကန်သော အမြင်တစ်ခုကို ဆုပ်ကိုင်ဖို့ ဆိုသည်မှာ လွယ်ကူသည့်ကိစ္စ မဟုတ်ပါ။ အမြင်ကို ကြည်လင်စေတတ် သည့် အလေ့အကျင့်တစ်ခုကို တည်ဆောက်ဖို့ လိုပါသည်။ သို့မှသာ အာရုံကို စုစည်း၍ စီးပွားရေး မဟာဗျူဟာတို့ကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ပါလိမ့်မည်။ သင်တို့၏ နေ့၊ ညမပျက် ကြိုးစား အားထုတ်မှု များကြောင့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အရည်အသွေးများ ကောင်းမွန်လာသကဲ့သို့ သင်၏ အမြင်မှာလည်း အလေ့အကျင့်ကြောင့် စူးရှထက်မြက်လာပါမည်။ နေ့စဉ် သို့မဟုတ် အပတ်စဉ် သင်၏ ဆုံးဖြတ် ချက်များကို သမာဒိဋ္ဌိအမြင်နှင့် ကိုက်ညီခြင်း ရှိမရှိ စစ်ဆေးကြည့်ပါ။

ဤသို့ အဆက်မပြတ် အကဲဖြတ်၍ တည့်မတ်လာသည့်အခါ တန်ဖိုးအခြေခံ စီမံခန့်ခွဲမှုပုံစံနှင့်အတူ ကုန်ထုတ်လုပ်မှုမှာလည်း တဖြည်း ဖြည်း သန်စွမ်းလာပါလိမ့်မည်။ ဤသည်ပင် မဟာဗျူဟာမြောက် အခြေခံမူတစ်ခုဖြစ်ပြီး နောက်ဆုံး သမ္မာဒိဋ္ဌိအမြင်အပေါ်တွင် သင့်စိတ် က အလိုအလျောက် အခြေစိုက်သွားရာမှာ ဆုံးဖြတ်ချက်တိုင်းသည်

mgyoe.com

mgyoe.com SAMPLE BOOK

လည်း အခါမလပ် မှန်ကန်လာပါတော့သည်။ သို့ဖြင့် စင်ကြယ်မှုမှာ အလေ့အကျင့်နှင့်အတူ ဖြစ်ပေါ်လာပါမည်။

## အလေ့အကျင့်

သင့်ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအခြေအနေနှင့် ယနေ့ရောက်ရှိနေသော နေရာကို လေ့လာ၍ ပြောင်းလဲမှုများ စတင်နိုင်စေရန်အတွက် အောက်ဖော်ပြပါ အလေ့အကျင့်များက အထောက်အကူ ဖြစ်စေပါသည်။ အမှန်အားဖြင့် မှန်ကန်သော အမြင်ကို လေ့ကျင့်ခြင်း၏ အနှစ်သာရမှာ မိမိကိုယ်တိုင် နှစ်ပေါင်းများစွာ စွဲမြဲလာခဲ့သော အယူအဆ၊ အတွေးအခေါ်နှင့် တန်ဖိုးများကို မိမိနှင့်ခွာ၍ ကြည့်ခြင်းဖြစ်သည်။

သင်အဓိက လုပ်ရမည့်အလုပ်မှာ သင့်ထံမှ ရိုးသားသော တုံ့ပြန်မှုကို ရှာဖွေပြီး သင်၏ အနာဂတ် မျှော်မှန်းချက်နှင့် သင်၏အတွေးများ တစ်ထပ်တည်း ကျမကျကို အကဲဖြတ်ရမည်ဖြစ်သည်။ အပတ်စဉ် အချိန်ယူပြီး သင့်အမြင်ကို စင်ကြယ်သွားအောင် ဆိုခဲ့သလို လေ့ကျင့်ပါ။ ဆိတ်ငြိမ်သော နေရာတွင် ထိုင်ပါ။ အောက်ဖော်ပြပါ ဆင်ခြင်ဖွယ်ရာများမှ ရွေးချယ်၍သော်လည်းကောင်း၊ သင်ကိုယ်တိုင် ဖန်တီး၍သော်လည်းကောင်း သမ္မာဒိဋ္ဌိ ကျင့်စဉ်တစ်ခုကို လေ့ကျင့်၍ သင်၏ ဝန်ထမ်းများ၊ ဖောက်သည်များနှင့် ဈေးကွက်တို့ကို ချိတ်ဆက်ပါ။

## သတိနှင့် လှုပ်ရှားသော ခြေလှမ်းများ

အောက်ဖော်ပြပါ ခြေလှမ်းများမှာ သင်၏ နှလုံးသားနှင့် ဝိညာဉ်တို့ကို စုစည်း၍ သင့်လုပ်ငန်း၏ သွေးခုန်နှုန်းကို တိုင်းတာရာတွင် အသုံးဝင်မည် ဖြစ်ပါသည်။

- သင်၏ ဝန်ဆောင်မှု သို့မဟုတ် ကုန်ပစ္စည်းနှင့် ပတ်သက်ပြီး ဖောက်သည်များထံမှ ရိုးသားသော တုံ့ပြန်သံများကို နားစွင့်နေပါ၊ စူးစမ်းနေပါ။


mgyoe.com

mgyoe.com

SAMPLE BOOK

- သင်၏ အနာဂတ် မျှော်မှန်းချက် သို့မဟုတ် အမြင်အပေါ် ဝန်ထမ်းတို့၏ သဘောပေါက် နားလည်မှုကို သိရှိဖို့ရာ သူတို့နှင့် ဆွေးနွေးပွဲများ လုပ်ပါ။
- ကုလားထိုင်ပေါ်မှ စီမံခန့်ခွဲမှုမျိုး မဟုတ်ဘဲ အလုပ်ခွင်အတွင်း သွားလာ ကြည့်ရှု စစ်ဆေးနေသော စီမံခန့်ခွဲမှုမျိုးကို ကျင့်သုံးပါ၊ မေးခွန်းများများ မေးပါ။ ပြန်လည် နားထောင်သည့်အခါ အလုပ်သမားတို့၏ အဖြေကိုသာမက သူတို့၏ ခံစားချက်များကိုပါ နားလည်အောင် ကြိုးစားပါ။ သူတို့အလုပ်အပေါ် သူတို့ စိတ်ဝင်စားမှု ရှိပါသလား။ အလုပ်သဘောအရ လုပ်နေပါသလား။

## ဗုဒ္ဓ၏ ဒေသနာတော်

ဗုဒ္ဓ၏ ဒေသနာတော်အချို့ကို အလုပ်ခွင်နှင့် ဒါရိုက်တာစားပွဲပေါ်သို့ ယူဆောင်လာပြီး လက်တွေ့ကျင့်သုံးခြင်းသည် သင်၏ စင်ကြယ်သော အခြေခံစိတ်နှင့် ဗီဇပါ ဉာဏ်ပညာတို့ကို ထုတ်ဖော်ရန် ပြင်ဆင်လိုက်ခြင်း မည်ပါသည်။ သို့နှယ် ဆောင်ရွက်ခြင်းဖြင့် တန်ဖိုး အခြေခံ ခေါင်းဆောင်မှု၊ ကရုဏာစိတ်ထား စသည့် တန်ဖိုးသစ်များဖြင့် အဖွဲ့ အစည်း စိတ်ဓာတ်ကို မြှင့်တင်ပေးဖို့ သင့်ကိုယ်သင် ပြင်ဆင်လိုက်ခြင်းလည်း ဖြစ်ပါသည်။

သို့တိုင် အဆိုပါဖြစ်စဉ် သို့မဟုတ် ပြုစုပျိုးထောင်မှုမှာ အပြောလွယ်သလောက် လက်တွေ့ တည်ဆောက်ရာတွင်မူ ပင်ပန်း ခက်ခဲပါသည်။ သို့သော် ရေရှည် အကျိုးကျေးဇူးများကား ကြီးမားလှပါသည်။ ပြုစု ပျိုးထောင်မှုများ တဖြည်းဖြည်း ရင့်မှည့်လာသည်နှင့်အမျှ လတ်ဆတ်သော အပြောင်းအလဲများကို သင် သတိထားမိလာပါလိမ့်မည်။ အလုပ်သမား၊ ဝန်ထမ်းများကိုယ်တိုင်က သူတို့ကိုယ်တိုင် ပေးထားသည့် ကတိကဝတ်များဖြင့် လုပ်ကိုင်လာကြသလို သူတို့၏ ကိုယ်ပိုင်စွမ်းအား၊ ဖန်တီးဆန်းသစ်မှုတို့ဖြင့် စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင် လာကြ

mgyoe.com

mgyoe.com SAMPLE BOOK

ပါလိမ့်မည်။ ဤသို့သော အပြောင်းအလဲကား သင်၏ ထုတ်ကုန်ပစ္စည်း ဝန်ဆောင်မှု၊ ကုမ္ပဏီ ယဉ်ကျေးမှုနှင့် အခြေခံ အဆောက်အအုံများ အတွင်းမှ ရိုက်ခတ်လာခြင်းပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မဂ္ဂင် နှစ်

# သမ္မာသက်မွေ

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းသော အကျိုးကို ဖြစ်ထွန်းစေရမည်ဟူသော ဆုံးဖြတ်ချက်၊ ခံယူချက်တစ်ခုကို သင်နှင့် သင့်အလုပ်သမားများတွင် ထားရှိလိုက်သည်နှင့် သင်သည် အလုပ်ပုံစံ အနေအထားထက် ကျော်လွန်နေသော ကိုယ်ပိုင်စွမ်းအင်တစ်ခုအား ပျိုးထောင်လိုက်ခြင်းပင် ဖြစ်သည်။ ဤသည်ပင် ကောင်းစွာကြံစည်ခြင်းမှ ရရှိလာသော ရည်ရွယ်ချက်နှင့် ယုံကြည်မှုများ ဖြစ်ထွန်းလာခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မဂ္ဂင် နှစ်

# သမ္မာသက်ပွ

> မှန်ကန်သော ကြံစည်ခြင်းဖြင့် အမှားများကို ပြုပြင်ပါ။
>
> *- အတိသျှ ဒီပင်္ကရ သျှရှိဇာန*

## ကောင်းစွာကြံစည်ခြင်း

ဗုဒ္ဓ၏ တရားဒေသနာအချို့ကို သင်၏ စီမံခန့်ခွဲမှုဆီသို့ ချဉ်းကပ်ရာ အဖြစ် ပြုစု ပျိုးထောင်လာကြခြင်းသည် အထက်တန်းကျသော ဘဝ နည်းလမ်းတစ်လမ်းကို ရွေးချယ်လိုက်ခြင်း ဖြစ်ပါသည်။ အလားတူ သင်၏ အဖွဲ့အစည်းစိတ်ဓာတ်ကိုလည်း ကောင်းသော ရည်ရွယ်ချက် တစ်ခုဖြင့် တန်ဖိုးမြှင့်ပေးလိုက်ခြင်း ဖြစ်ပါသည်။ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ မျှော်မှန်းချက်များ၊ ရည်ရွယ်ချက်များကို ချိန်ကိုက် စစ်ဆေးဖို့ ဆုံးဖြတ်လိုက်ခြင်းမှာ အနှစ်သာရအားဖြင့် မှန်ကန်သော ရည်ရွယ်ချက် တစ်ခုကို ချမှတ်လိုက်ပြီး သင်၏ အဖွဲ့အစည်းကို အဆိုပါ လမ်းကြောင်းပေါ် တင်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ကောင်းသော အကျိုးကို ဖြစ်ထွန်းစေရမည်ဟူသော ဆုံးဖြတ်ချက်၊ ခံယူချက် တစ်ခုကို သင်နှင့် သင့်အလုပ်သမားများတွင် ထားရှိလိုက်

mgyoe.com